မြဝတီ နေ့စဉ်

ရောင်စုံကလွှာစုံလင် ဦးစွာဖြန့်ချို မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရားၦတည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုးၾ။

ဓမ္မပဒ

ဒိုတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အင်္ဂါ(၁၆)၊ အမှတ်(၁၆၅)

■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့

မြဝတီ ယနေ့ဖတ်စရာ

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ စာ - ၇ သို့

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ စာ - ၉ သို့

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုအဆောင်မှညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး စာ - ၅ သို့

ဒုတိယသမ္မတ ဦးညီစော e-Government ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) သို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးညီစော e-Government ဦးဆောင်ကော်မတီညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၂၉ e-Government ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂) ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညီစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး **စာမျက်နှာ ၅ ကော်လံ ၁** ★



မလေးရှားထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

နေပြည်တော် စက်တင်ဘာ ၂၉


မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင်ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် **စာမျက်နှာ ၁၆ ကော်လံ ၅** ➨

မှတ်သား ဖွယ်ရာ မိုးရေချိန်များ

၂၉-၉-၂၀၂၆

ကွမ်းခြံကုန်း	၁၀	ဒသမ	၂၈	လက်မ
ပေါင်	၈	ဒသမ	၈၆	လက်မ
ဒေးဒရဲ	၈	ဒသမ	၆၆	လက်မ
သထုံ	၇	ဒသမ	၇၂	လက်မ
ဘားအံ	၇	ဒသမ	၆၈	လက်မ
မုဒုံ	၆	ဒသမ	၄၂	လက်မ

ကုန်းတွင်းမုန်တိုင်းငယ် နောက် ၁၂ နာရီအတွင်း အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားမည်ဟုခန့်မှန်း



နေပြည်တော် စက်တင်ဘာ ၂၉

ကုန်းတွင်းမုန်တိုင်းငယ်အခြေအနေ

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ ရေနံချောင်းမြို့နှင့် ကျောက်ပန်းတောင်းမြို့တို့အကြားမှ ဖြတ်ကျော်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ် (Land Depression) သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ညောင်ဦးမြို့၏ အနောက်ဘက်မှ ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါကုန်းတွင်းမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ **စာမျက်နှာ ၆ ကော်လံ ၁** ❖

လွိုင်ကော်မြို့၌ ကယားတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များအနက် အဲဒိုပေါ်မီ (ခေါ်)ဒီးကူပွဲတော်ကျင်းပ



လွိုင်ကော် စက်တင်ဘာ ၂၉

ကယားတိုင်းရင်းသားတို့၏ရိုးရာပွဲတော်များအနက် အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမနှင့် ကန္ဒာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကျင်းပသည်။

အဆိုပါပွဲတော်သို့ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ **စာမျက်နှာ ၁၁ ကော်လံ ၁** ➲

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာရေး

ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပေရာ ပညာရေးကဏ္ဍာပိုမိုတိုးတက်မြင့်မားရေးကို အလေးထားတည်ဆောက်ကြရမည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေရုံဖြင့်မလုံလောက်ဘဲ ဆောင်ရွက်မှုများကိုပြန်လည်လေ့လာဆန်းစစ်ခြင်း၊ သုံးသပ်ခြင်း၊ ပိုမိုကောင်းမွန်အောင်မြင့်တင်ဆောင်ရွက်ခြင်းများကို Check List များဖြင့် စဉ်ဆက်မပြတ် စစ်ဆေးသုံးသပ်ဆောင်ရွက်သွားမည်ဆိုပါက မလွဲမသွေအောင်မြင်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အဓိကအရေးကြီးသဖြင့် တစ်မျိုးသားလုံးပညာရည်မြင့်မားရေး ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်သည်။ ပညာရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင်လည်း နိုင်ငံတော်၏ပညာရည်မြင့်မားရေးအတွက် KG+9 အထိ မသင်မနေရပညာရေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း ကျောင်းနေအရွယ်ကလေးများအားလုံးကျောင်းနေနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေးကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပညာရေးနှင့်ဆက်စပ်၍ ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးမှုနှင့်ကျန်းမာသန်စွမ်းမှုရှိစေရေးအတွက်လည်း ကာယပညာရပ်များသင်ကြားပေးခြင်း၊ ဒေသအလိုက်အားကစားကွင်းများ၊ အားကစားရုံများ၊ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအား စက်တင်ဘာလ ၂၃ ရက်က နိုင်ငံတော်သမ္မတရုံးတော်၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် **"ပညာရေးနှင့်ဆက်စပ်၍ ဆင်းရဲမွဲတေမှုလျှော့ချရေးကိုလည်း မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးကောင်းမွန်ပါက ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆင်းရဲမွဲတေမှုသည် နိုင်ငံ၏ဂုဏ်သိက္ခာနှင့်ဆက်စပ်နေသဖြင့် မှန်မှန်ကန်ကန်နှင့် အမှန်တကယ်အလုပ်လုပ်ကြရန်လိုကြောင်း၊ နိုင်ငံ၏ရှိရင်းစွဲအရင်းအမြစ်ကောင်းများကို အကျိုးရှိရှိအသုံးချ၍ ဆင်းရဲမွဲတေမှုလျှော့ချရေးကို ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ရာတွင် ပြည်သူများအလုပ်အကိုင်ရရှိရေးနှင့် အမှန်တကယ်အလုပ်လုပ်နိုင်ရေး ဖော်ဆောင်ပေးရမည်၊ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးရမည်ကို ကောင်းစွာသိရှိပြီး အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

ပညာရေးဟုဆိုရာတွင် အတန်းပညာသာမက အသိအမြင်ပညာများလည်း တိုးတက်အောင်လေ့လာကြရမည်ဖြစ်သည်။ အသိအမြင်အတွေးအခေါ်များ တိုးတက်မြင့်မားရေးအတွက် စာကြည့်တိုက်များ ဆောင်ရွက်ပေးနေခြင်းသည် သုတ၊ ရသ စာအုပ်စာစောင်များအား ဖတ်ရှုနိုင်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများရှိ စာကြည့်တိုက်များအတွက်လိုအပ်သည့် သုတ၊ ရသ စာအုပ်စာစောင်များကို နိုင်ငံတော်မှ လစဉ်ဖြည့်ဆည်းပေးလျက်ရှိသည်။ ဗဟုသုတရရှိမည့်စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာခြင်းဖြင့် တွေးခေါ်မြော်မြင်မှုများ ပိုမိုအားကောင်းလာမည်။ ကျောင်းစာတတ်မြောက်မှုရှိပြီး အသိအမြင်အတွေးအခေါ်များနှင့် စွမ်းရည်စွမ်းအားရှိသည့် လူ့စွမ်းအားအရင်းအမြစ်များရရှိလာပါက ပြည်သူများ၏လူမှုဘဝတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူဖြစ်စေပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍာတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်း၌ပဒေပုဒ်မ – ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

သင်္ဘော (FM) အသံလွှင့်အစီအစဉ်
၃၀-၉-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၀ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဇွန်ဝိရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

လူငယ်များအချင်းချင်း အသိပညာ၊ အတတ်ပညာများ ဖလှယ်နိုင်စေရန် လူငယ်စကားဝိုင်းဆွေးနွေး



မန္တလေး စက်တင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ်၌ လူငယ်များဗလငါးတန် နှင့်ပြည့်စုံပြီး အသိပညာ ဗဟုသုတများတိုးပွားစေရန်၊ လူငယ်များအချင်းချင်း အသိပညာ၊ အတတ်ပညာများ ဖလှယ်နိုင်စေရန်၊ နှုတ်မှုစွမ်းရည်တိုးတက်လာစေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စဉ်းစားတွေးခေါ်မှုဉာဏ်ရည်များရင့်သန်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၂၉ ရက်တွင် အမှတ် (၃၀) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃၀)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-9 နှင့် Grade-10 တို့မှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း၊ ကျား/မတန်းတူညီမျှရေးနှင့် လူငယ်နှင့်နိုင်ငံတကာဆက်ဆံရေး ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရတ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

အလင်းသစ်

အရာတော်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းဧက ၄၀၀၀ ကျော် စိုက်ပျိုးမည်

အရာတော် စက်တင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်၌ လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပဲတီစိမ်း ဧက ၄၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အရာတော်မြို့နယ်၌ ပဲတီစိမ်းဧက ၄၁၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အရာတော်မြို့နယ်မှာ ပဲတီစိမ်းဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်သွားပါမယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့ အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေဆောင်ရွက်မှာပါ"ဟု ၎င်းကပြောသည်။

ယခုနှစ် အရာတော်မြို့နယ်၌ ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(၄၀၉)**

ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြော

ကန့်ဘလူ စက်တင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်နတ်ပေးကျေးရွာ၌ စက်တင်ဘာလ ၂၉ ရက်တွင် ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များအား အာဟာရပြည့်ဝအောင်ချက်ပြုတ်နည်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်လွင်မာအေးက ကိုယ်ဝန်ဆောင်များ ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ နို့တိုက်မိခင်များ အာဟာရပြည့်ဝကျန်းမာဖို့ ချက်ပြုတ်ရမည့် နည်းလမ်းများနှင့် ကလေးများကျန်းမာစွာ ကြီးပြင်းလာစေရန် လိုက်နာရမည့် အချက်များကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကလေးများအတွက် အာဟာရများနှင့် ကိုယ်ဝန်ဆောင်များအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ ထို့နောက် နတ်ပေးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ကလေးငယ်များအား အာဟာရကျွေးမွေးခြင်းနှင့် သွားကိုစနစ်တကျတိုက်နည်းများကို အသိပညာပေး ဆောင်ရွက်ကြကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးလက်မှုပရိဘောဂသင်တန်း အခမဲ့သင်ကြားပေး

ငဖဲ စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးလက်မှုပရိဘောဂသင်တန်းကို စက်တင်ဘာလ ၂၈ ရက်က မင်းလွင်ကျေးရွာအုပ်စု ဝင်္ကာကျေးရွာမဏ္ဍပ်၌ ဖွင့်လှစ်သည်။



အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးလက်မှုပရိဘောဂ သင်တန်းသို့ သင်တန်းသား ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ဆန်ကော၊ ဆန်ခါ၊ တောင်းအမျိုးမျိုး၊ ဝါးကုလားထိုင်၊ လွှာထရံ၊ ရိုင်း၊ နှီးချောဖျာ၊ တင်းတောင်း စသည့်ဝါးဖြင့် ရက်လုပ်သော လက်မှုပစ္စည်းပြုလုပ်နည်းများကို တစ်လကြာ အခမဲ့သင်ကြားပေးလျက်ရှိသည်။

ငဖဲမြို့နယ် ဝင်္ကာကျေးရွာ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော ဝါးလက်မှုပရိဘောဂပညာရပ်များကို တတ်မြောက်အောင် စနစ်တကျ လေ့လာမှတ်သား သင်ယူကြစေရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့်တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး သင်တန်းပြီးဆုံးပါက လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချစေလိုကြောင်းနှင့် မိသားစုတစ်နိုင်တစ်ပိုင်စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်လိုပါက အရင်းအနှီးများရရှိရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဧရိတ် ဧက ၄၀၀ ကျော် ခူးဆွတ်ပြီးစီးပြီဖြစ်

ပွင့်ဖြူ စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဧရိတ်ဧက ၄၀၀ ကျော် ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဧရိတ် ၅၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော ဧရိတ်စိုက်ခင်းများကို စက်တင်ဘာလ ပထမပတ်မှ စတင်ခူးဆွတ်ခဲ့ရာ လက်ရှိတွင် ဧက ၄၂၀ ခန့် ခူးဆွတ်ပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဧရိတ် ၅၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဧရိတ်စိုက်ခင်းတွေကို လက်ရှိမှာ ခူးဆွတ်တာ ဧက ၄၂၀ လောက် ပြီးစီးပြီဖြစ်ပါတယ်။ တစ်ဧကကို ပိသာ ၇၀၀ ကျော်လောက် ထွက်ရှိပါတယ်။ ဧရိတ်စိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်းပိုမိုကောင်းမွန်စေဖို့၊ အရည်အသွေးကောင်းတဲ့ ဧရိတ်တွေထွက်ရှိစေဖို့နဲ့ အချိန်မီခူးဆွတ်သိမ်းဆည်းနိုင်စေဖို့ စတဲ့စိုက်ပျိုးရေးအသိပညာပေးတာတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးရေးဦးစီးဌာနမှ GAP စိုက်ပျိုးရေးနည်းစနစ်များ၊ သွင်းအားစုများ စနစ်တကျသုံးစွဲနည်းများကို အသိပညာပေးခဲ့သဖြင့် ဧရိတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ယခင်နှစ်ကထက် အထွက်နှုန်းပိုမိုကောင်းမွန်ခဲ့သည်။

ဧရိတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်၍ ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ဧရိတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

မြစ်နီးချောင်းနီး နပ္ပလွင်ရွာကြီးမှာ လည်း စည်ပင်ဝပြောကာ ဘုရားပွဲကျောင်း ပွဲများဖြင့် စည်ကားလျက် စာပေပရိယတ်ပင်မက တရားဟော၊ တရားပြလွန်စွာမှ နာမည်ရသော ဆရာတော် ဦးလက္ခဏာမှာလည်း ဂုဏ်သတင်းကြီးခဲ့ချိန်တွင် အဖရွေရေး၊ အမိခင်သုန်တို့၏ သြရသ သား၊ ငယ်မည် မောင်စံကင်းလေးသည်လည်း တစ်ဆယ့်နှစ်နှစ်ဟူသောအရွယ်သို့ ရောက်ခဲ့လေသည်။ စာပေအရာ၌လည်း အရွယ်နှင့်မမျှအောင် အခြေခံပရိယတ်စာပေများကို သင်ယူပြီးဖြစ်ကာ ပျို့လင်္ကာကဗျာတို့ကိုပင် ရေးဖွဲ့စပ်ဆိုနိုင်ပြီဖြစ်သည်။

ငယ်မည်မောင်စံကင်း အများခေါ် စံနက်ကျော်ဟု အန္တတ္ထနာမဟုသာ လူသိများခဲ့၏။ ထူးခြားသောဉာဏ်ရည်ဉာဏ်သွေးနှင့် တခြားကလေးများနှင့်မတူသော အနေအထိုင်သိမ်မွေ့ခြင်း၊ လူကြီးသူမတို့အား ရိုသေကိုင်းညွတ်ခြင်း၊ မိဘဆရာသမားတို့ကို ခြေဆုပ်လက်နယ်ပြုစုခြင်းများကြောင့် မောင်စံကင်းလေးကို လူကြီးသူမများကလည်းချစ်ခင်ကြ၏။ ထိုအထဲတွင် ဆရာတော် ဦးလက္ခဏာမှာ ထူးခြားလက္ခဏာဖြင့် ယဉ်ကျေးလိမ္မာသည့်တပည့် အတွက် အမြဲတိုးတက်ရေးကိုသာ ကြံတွေးနေခဲ့သည်။

မောင်စံကင်း တစ်ဆယ့်နှစ်နှစ်သား အရွယ် တစ်နေ့တွင် အဘိုးဖြစ်သူ နယ်ကျော်ဆေးသမားတော် ဦးသူတော်တို့ ဇနီးမောင်နှံနှင့် ဖခင်ရွှေရေးတို့ဇနီးမောင်နှံကို ကျောင်းသို့ နံနက်စောစောလာကြရန် ဆရာတော် ဦးလက္ခဏာက အမှာပါးလိုက်ရာ အသေ့နှင်ပြေးလွှားနေကြသော ခြံပေါက်နွားပြာညီနောင်က ကြိမ်တို့ရန်မလို အောင်မြူးကြွနေကြ၏။ လှည်းပေါ်မြက်ဖျာထက်မှ မယ်သုန်က ဘုရားစာများကို ပါးစပ်က မပြတ်တမ်းရွတ်နေရင်း -

“မောင်ကြီး ကိုရင်ရွှေရေး ကျုပ်ရင်တွေ တုန်လိုက်တာတော်”

“ဟ ဘာဖြစ်လို့လဲ ရှင်မရဲ့”

“အိုတော်ဘုန်းဘုန်းက မခေါ်စဖူးအခေါ် ထူးတော့ ကျုပ်ကြောက်တာပေါ့တော့၊ မောင်ကြီးလည်းသိသားနဲ့၊ ဘုန်းဘုန်းက အရိုက်သိပ်ကြမ်းတာ”

“အာ မယ်သုန်ကလည်း ကြဲကြီးစည်ရာကွယ်၊ ဆရာတော်က ငါတို့ကို ဘာလို့ ရိုက်ရမလဲကွဲ့”

“သိဘူးလေတော်၊ ကျုပ်တို့သားက ဘာများ အမှားကျူးထားလဲမှ မသိဘဲ”

“တန်စမ်းပါကွယ်၊ မိန်းမကလည်း ငါတို့ သားက အဲလိုလုပ်မယ့်ကလေးမှ မဟုတ်ဘဲ၊ ဘာလို့တွေးကြောက်နေရလဲကွယ်”

စကားတပြောပြောနှင့် ရွှေရေးတို့ လှည်းယဉ်ကြော့ကလေးက ကျောင်းဝိုင်းထဲသို့ဝင်လာလေသည်။ ဆီနံ့သာရွှဲရွှဲနှင့် ဆံရစ်ဝိုင်းကလေး ကျကျနနထုံးဖွဲ့လျက် မျက်နှာကြည်ကြည်သာသာနှင့် ဘုရားဆွမ်းတော်ကပ်ရန်ပြင်နေသော သားဖြစ်သူ မောင်စံကင်းကိုမြင်မှ ရှင်မယ်သုန်ဘဝင်ကျလေတော့သည်။

“ဟဲ့ငရွှေရေး နင့်အဘနဲ့ အစ်မကောမပါဘူးလားဟဲ့”

“တင်ပါ့ အဘတို့နောက်က လာနေကြပါပြီဘုရား”

“အိန်း နင်တို့ကို ငါပြောစရာရှိလို့ ခေါ်လိုက်တာကွဲ့.”

“တင်ပါ့ အမိန့်ရှိပါဘုရား”

“အခုဆို မင်းတို့သားက အခြေခံသဒ္ဒါ သင်္ဂြိဟ်တွေကုန်လို့ အံမယ် သူက အလင်္ကာစာတွေကဗျာတွေတောင်ရေးနေပြီဗျာသိကြရဲ့လား”

“တင်ပါ့ ဝမ်းသာစရာပါဘုရား၊ ငါမပြောလား မိန်းမရဲ့၊ ငါတို့သားက အာဂယောက်ျားပါဆို”

“အိန်း အဲ့သဟာကြောင့် ဟိုနေပြည် တော်ကြီးနဲ့လည်း နီးနွယ်ဆက်စပ်ပြီး စာပေကျမ်းတတ်အကျော် ရန္တပို့ရွာက ငါနဲ့ကျောင်းနေဖက် ဦးပရမကျောင်းမှာ စာတော်ပြန်ပွဲတွေအထိဝင်နိုင်တဲ့ ငယ်လတ်ကြီးစာတွေသင်ယူဖို့ ငါပို့မလို့၊ အဲဒါ မင်းတို့ကိုခေါ်ပြောတာ”

“အရှင်ဘုရား ကောင်းသလိုစီမံပါဘုရား၊ ဒါပေမဲ့ ကလေးက ငယ်များ ငယ်နေသေးသလားလို့ပါ ဘုရား”

“အို တော်ကလည်း ကျုပ်ကိုလည်း မေးပါဦး၊ ကျုပ်က မွေးထားရတဲ့အမေပါ၊ တပည့်တော်မ သဘောမတူပါဘူးဘုရား”

“တယ်လေ ဘယ်က ငယ်ရမလဲဟဲ့၊ ငါဆို ခုနစ်နှစ်သားကတည်းက ပခုက္ကူ စာသင်တိုက်ကြီးကို တစ်ပါးတည်းသွားနေခဲ့ရတာ၊ မိခင်သုန် နင်ဘာနားလည်လို့လဲ၊ ဘာမသိညာမသိနဲ့ ဟဲ့ ငရွှေရေး နင်တို့သားအဖကို လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်က ငါဘာပြောထားလဲ”

“တင်ပါ့ တပည့်တော် သဘောပေါက်ပါတယ်ဘုရား၊ အရှင်ဘုရားစီမံတာ နာခံပါ့မယ်ဘုရား”

မယ်သုန်က သူ့ယောကျ်ားနံကြားသို့ တံတောင်နှင့်တွက်၍ ဘာတွေပြောထားကြတာလဲ၊ ကျုပ်လည်း မသိရပါလားဟု တိုးတိုးကပ်ပြောကာ မျက်စောင်းထိုးလေသည်။ ထိုစဉ်ဦးသူတော်တို့ဇနီးမောင်နှံ ရောက်လာကြ၏။ ဒေါ်မယ်လွန်းက ချွေးမအနားကပ်၍ “ဘာတဲ့လဲဟဲ့”ဟု မေးနေသည်။

“သူတော်ရေ ငါတို့စောင့်နေခဲ့တဲ့ အချိန်အခါတော့ ကျလာပကွဲ့. ”

“တင်ပါ့ အရှင်ဘုရား ကောင်းသလိုစီမံပါဘုရား”

“အိုအဘကလည်း ဘာမှန်းလည်း မသိသေးဘဲနဲ့ ကျွန်မသဘောမတူပါဘူးဆို”

“တယ် ဒီကလေးမ ဘုမသိဘမသိနဲ့ သူတော် နင့်ချွေးမ ငါထရိုက်မိတော့မယ်ဟွင်း”

“သမီးခင်သုန် အိမ်ကျ ငရွှေရေး ရှင်းပြလိမ့်မယ်၊ ငဲ့မြွေးလေး တိုးတက်ကြီးပွားဖို့ပါကွယ် အဘသိပါတယ်”

“ကိုင်းကိုင်း တော်ကြစမ်းကွယ်၊ ကလေးသွားရမယ့် နေ့ရက်အချိန်တွေကို ငါလုပ်ထားလိုက်မယ် သူတော် ကဲကဲ ပြန်ကြရော့”

“တခြားကလေးများနှင့်မတူသော အနေအထိုင်သိမ်မွေ့ခြင်း၊ လူကြီးသူမတို့အား ရိုသေကိုင်းညွတ်ခြင်း၊ မိဘဆရာသမားတို့ကို ခြေဆုပ်လက်နယ်ပြုစုခြင်းများကြောင့် မောင်စံကင်းလေးကို လူကြီးသူမများကလည်းချစ်ခင်ကြ၏။ ထိုအထဲတွင် ဆရာတော် ဦးလက္ခဏာမှာ ထူးခြားလက္ခဏာဖြင့် ယဉ်ကျေးလိမ္မာသည့်တပည့် အတွက် အမြဲတိုးတက်ရေးကိုသာ ကြံတွေးနေ...”

ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံအရ အမိအဖများ လက်ထက်ကတည်းက ကိုးကွယ်ဆည်းကပ်ကြောက်ရွံ့ခဲ့ကြရသော ငယ်ဆရာအရင်းဖြစ်နေကြသဖြင့် ထပ်မံ၍ စောဒကမတက်ရဲကြတော့ဘဲ သားဖြစ်သူအတွက် ဆရာတော်မိန့်လာမည့်ရက်ကိုသာ မယ်သုန်တို့ စောင့်ခဲ့ရရှာတော့သည်။

■ ■ ■ ■ ■

အခန်း(၂)

တောမြိုင်ခရီး ရိပ်ကြီးဘယ်ဆီ

၁၂၆ ခုနှစ် ပြာသိုလဆန်း ၈ ရက်နေ့၌ စံနက်ကျော် ခရီးထွက်ရမည့်ရက်အဖြစ် ဆရာတော်ကြီးက သတ်မှတ်လိုက်သည်။ သားလူလှကို သေချာပေါက်ခွဲခွာရတော့မည်ဟု သိရသည့်နေ့မှစ၍ သဘောတူကျိုနေကြသော ကိုရင်ကလေးများအနီးမီးလှုံရင်းစောင့်နေကြသည်။ အရာဏ်ကျင်းလင်းလာပြီး သားလူလှခရီးသွားရန် အချိန်နီးကပ်လာလေ မယ်သုန်တရှုပ်ရှုပ်နှင့် ငိုလေဖြစ်နေသည်။

မျက်ရည်တစမ်းစမ်းနှင့် မှိုင်တွေနေရာမှ အိပ်ရာထလာသည့်သားကို ရေမိုးချိုးပေးပြီး သန်စွမ်းလှသောဆံပင်များကို ဆီလူးဖြီးသင်ကာ ကျစ်ကျစ်လျစ်လျစ်ထုံးဖွဲ့ပြီး ရက်ကန်းစင်မှ ကိုယ်တိုင်ရက်ထားသော ချည်ချောပဝါကလေးဖြင့် အကျအနခေါင်းပေါင်းပေးလိုက်သည်။ ပြီးလျှင် အန္တရာယ်ကင်းအဆောင်ချည်ကြိုးကလေးကို လက်ယာဘက်လက်မောင်း၌ ချည်နှောင်ပေးလိုက်လေသည်။

ဆက်လက်ဖော်ပြပါမည်။

မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



ပင်လောင်း စက်တင်ဘာ ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ကြီးမှူးကျင်းပသော မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာ ကျောင်းပေါင်းစုံ အသက် ၁၄ နှစ်အောက်နှင့် အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၈ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အသက် ၁၄ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် နန်းပုလင်း အမျိုးသမီးဘောလုံးအသင်း၊ အသက် ၁၄ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်း၊ အသက် ၁၈ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အမျိုးသမီးဘောလုံးအသင်း၊ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်းတို့က အသီးသီးအနိုင်ရရှိကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဝင်းနောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်တင်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသောဘောလုံးအသင်းများကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့်ဆုဖလား၊ ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံး ကစားသမားဆု ရရှိသူများအား ဆုများချီးမြှင့် ပေးအပ်ကြကြောင်း သိရသည်။

ရန်ကင်း

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးဝါးများဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၉

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့ စု(၄၁)တို့ပူးပေါင်း၍ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးများသုံးစွဲခြင်း၏ ဘေးအန္တရာယ်များအကြောင်း အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာလ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ)ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့ စု(၄၁)မှ ရဲအုပ်နေလင်းထွန်းက ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအကြောင်းကို ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသော မူးယစ်ဆေးဖြတ်သင်တန်းသားများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြပြီး အသိပညာပေး ဟောပြောပေးခဲ့သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်

ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကိုနားလည်ဖို့လိုတယ်။ ဥပဒေကိုနားလည်ဖို့လိုတယ်။ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်။ ဒီလိုနဲ့ပေါင်းစပ်ပြီးလုပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့လိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဏာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများဖြေကြားချက်မှကောက်နုတ်ချက်)

★ ရှေ့ဖုံးမှအဆက်

နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး နှင့် ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်ဒုတိယသမ္မတက နိုင်ငံတော်၏ e-Government

❖ ပြည်သူများ ယုံကြည်စိတ်ချစွာအသုံးပြုနိုင်သည့် e-Government မှသည် Digital Government တစ်ရပ် တည်ဆောက်ရေးအတွက် ဌာနများ၊ အဖွဲ့အစည်းများအားလုံး စနစ်တကျ ဟန်ချက်ညီပေါင်းစပ်ညှိနှိုင်းဆောင်ရွက် . . .

လုပ်ငန်းစဉ်များကို ပိုမိုထိရောက်ကျယ်ပြန့်စွာအကောင်အထည်ဖော်ပြီး အစိုးရတစ်ရပ်လုံးအတိုင်းအတာဖြင့် Digital Government သို့ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ လုပ်ငန်းစဉ်များအောင်မြင်စေရန် အစိုးရကဏ္ဍတစ်ခုတည်းက ဆောင်ရွက်ရုံသာမက ပုဂ္ဂလိကကဏ္ဍ၊ နည်းပညာကျွမ်းကျင်သူများနှင့် ပူးပေါင်းပါဝင်သည့် Public-Private Partnership (PPP) မူဘောင်များဖော်ဆောင်ရေး၊ Single Window နှင့် One-Stop Digital Services Platform များဖြင့်ဝန်ဆောင်မှုပေးနိုင်ရေး၊ သတင်းအချက်အလက်လုံခြုံရေးနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသားအဆင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ၂၀၃၀ နှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးတို့နှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှာကြားပြီး ပြည်သူများယုံကြည်စိတ်ချစွာအသုံးပြုနိုင်သည့် e-Government မှသည် Digital Government တစ်ရပ်တည်ဆောက်ရေးအတွက် ဌာနများ၊ အဖွဲ့အစည်းများအားလုံး စနစ်တကျဟန်ချက်ညီပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌက e-Government အကောင်အထည်ဖော် ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဦးဆောင်ကော်မတီအတွင်းရေးမှူးက e-Government အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ကော်မတီအဖွဲ့ဝင်များက e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

မြဝတီ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီးကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၁-၄-၂၀၂၆ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။

ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီအတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP)ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA-S EAOsအဖွဲ့များ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ကပြောကြားရာတွင် EAO



များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် မတူညီသော ရည်မှန်းချက်၊ လိုလားချက်များနှင့် စပ်လျဉ်းပြီး EAO များနှင့်အစုအဖွဲ့အလိုက်သော် လည်းကောင်း၊ တစ်ဖွဲ့ချင်းအလိုက်သော်လည်းကောင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထု ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆွေးနွေးဖက်အဖြစ် မဟုတ်ဘဲ အတူတကွ ပူးပေါင်းဆောင်ရွက်သူများအဖြစ် သတ်မှတ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ NCA လက်မှတ်မရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်လာအောင် အားလုံးမှကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းကပြောကြားရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာအောင် သင့်လျော်မည့် လမ်းကြောင်းများဖြင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်းကိုသိရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်ဆောင်ရွက်နိုင်ရေးနှင့်အရေးကြီးဆုံးဖြစ်သည့် ယုံကြည်မှုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NCA (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရန်စီမံဆောင်ရွက်ထားမှုအခြေအနေများ၊ NCA-S EAO ဆွေးနွေးညှိနှိုင်းရေးအဖွဲ့နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ တွေ့ဆုံဆွေးနွေးပွဲများတွင် တိကျသည့် သဘောတူညီချက်များ ချမှတ်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး တက်ရောက်လာသူများက NCA အနှစ်သာရကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆက်လက်ဆွေးနွေးမှုပုံစံ၊ ဆွေးနွေးမည့် အကြောင်းအရာ၊ ယုံကြည်မှုတည်ဆောက်ရေးအစီအစဉ်များ ဖော်ဆောင်နိုင်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် အခြေခံမူများရရှိရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထပ်မံပါဝင်လာစေရေး၊ EAO များ အခြေပြုရာဒေသများတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ ပြည်သူလူထုအခြေပြုဆွေးနွေးပွဲများ၊ ဖိုရမ်များကျင်းပပြုလုပ်နိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စများအား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပထမနေ့တွေ့ဆုံဆွေးနွေးပွဲကိုရပ်နားခဲ့ပြီး ဆွေးနွေးပွဲဒုတိယနေ့ကို စက်တင်ဘာလ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ မြဝတီ

ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်

❖ ရှေ့ဖုံးမှအဆက်

ညောင်ဦးမြို့ (Nyaung-U) ၏ အနောက်ဘက် ၁၅ မိုင်ခန့်၊ ပေါက်မြို့(Pauk)၏ အရှေ့တောင်ဘက် မိုင် ၂၀ ခန့်နှင့် မုံရွာမြို့(Monywa)၏ တောင်-အနောက်တောင်ဘက် မိုင်ဂုဝခန့်အကွာကိုဗဟိုပြုနေသည်၊

ကုန်းတွင်းမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ ညောင်ဦးမြို့၏ အနောက်ဘက်မှ ဖြတ်ကျော်နေပါသဖြင့် အညိုရောင် အဆင့်ဟု သတ်မှတ်သည်။

ကုန်းတွင်းမုန်တိုင်းငယ်၏ တည်နေရာဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း


အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ၂၁ ဒသမ၂ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ၉၄ ဒသမ ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်သည်။

နောက်၁၂နာရီအတွင်းခန့်မှန်းချက်

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး နောက်၁၂နာရီအတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်ကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာလ ၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြိုးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင်ဂုပေမှ၁၀ပေခန့်ရှိနိုင်သည်၊



အကြံပြုချက်

သို့ဖြစ်ပါ၍ ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းတွင်းမုန်တိုင်းငယ်ဖြတ်သန်းရာဒေသများတွင်နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/၈လ)**



မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်

ပဲခူး စက်တင်ဘာ ၂၉

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်ပဲခူးမြို့မြို့မရဲစခန်းမှရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းလုပ်အားပေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ နန်းတော်ရာရပ်ကွက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ပရိဝုဏ်အတွင်းရှိ အမှိုက်များနှင့် မြက်များအား စုပေါင်းရှင်းလင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(၄၁၀)**

စိုက်ပျိုးမြေကေ ၄၀၀ ကျော်အတွက် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

လွိုင်လင် စက်တင်ဘာ ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြည်ထောင်စုခွင့်ပြုငွေဖြင့် လွိုင်လင်မြို့နယ် နမ့်လင်းကျေးရွာ၌ စိုက်ပျိုးမြေကေ ၄၀၀ ကျော် အတွက် အကျိုးပြုမည့် ကုန်ထုတ်လမ်းဖောက်လုပ်၍ သဲဖြုန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးကြသည်။




ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်သန့်ဇင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က လမ်းကော်မတီဝင်များနှင့်အတူ နမ့်လင်းကျေးရွာ ကုန်ထုတ်လမ်းသဲဖြုန်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးကလိုအပ်သည်များဖြည့်စွက်မှာကြားသည်။

အဆိုပါ နမ့်လင်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိသဲဖြုန်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၃၈ ဒသမ ၆၁ သန်းဖြင့် ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ ယခုအခါ လုပ်ငန်း ဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးပါက နမ့်လင်းကျေးရွာ တောင်သူများ၏ စိုက်ပျိုးမြေကေ ၄၀၀ ကျော်နှင့် ကုန်ထုတ်လုပ်တင်ပို့ရောင်းချမှုများကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

စန္ဒာလွင်(ကျေးလက်)

မိုးလေဝသ သတင်း



အိမ်ပြင်ပ၌ မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

“ ပြည်သူ့ကြားက ပြည်သူ့စကား ” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ ပြည်သူ့ကြားက ပြည်သူ့စကား ”** အစီအစဉ်မှ **“အောက်တန်းကျ ရက်စက်ယုတ်မာတဲ့ နည်းလမ်းမျိုးစုံနဲ့ နိုင်ငံဖျက်ဆီး ပြည်သူကိုသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ ”** ခေါင်းစဉ်ဖြင့် ၃၀-၉-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။လာမည့်အပတ် ၇-၁၀-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“နိုင်ငံတွင်း ပညာတတ်လူငယ်ပေါ်ထွန်းလာမှုကိုမလိုလား၍ ပညာရေးဝန်ထမ်းများနှင့် အနာဂတ်ကြယ်ပွင့်ကျောင်းသား၊ ကျောင်းသူများကို အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင်နှိပ်စက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၆၃၀၉၆၃၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၂ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၇၉ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကဦးအောင်လင်းဌေးက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ကျင်းပသည့်တတိယအကြိမ်ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေးသို့ ကျန်းမာရွှင်လန်းစွာ စုံစုံညီညီတက်ရောက်လာသည့်အတွက် ဝမ်းမြောက်ပါကြောင်း။

ယခု တတိယပုံမှန်အစည်းအဝေးကာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းလာမည့် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်တဏှာငွေခွဲခေသုံးစွဲရေးဥပဒေကြမ်းဆိုင်ရာ ရငွေသုံးငွေများ၊ ဖြည့်စွက်ခွင့်ပြုငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်ပြီး ဥပဒေအဖြစ် ပြဋ္ဌာန်းထုတ်ပြန်နိုင်ရေး ဆွေးနွေးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒုတိယပုံမှန်အစည်းအဝေးကာလတွင် ရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့ ၁၈ ဖွဲ့ကို စိစစ်ရမည့် ဗဟိုအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများအလိုက် ကြုံတင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းသတ်မှတ်ရက်များအတိုင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်သည် အလွန်ကြီးမားပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးသည် မိမိတို့ကိုယ်တိုင်က ဥပဒေပညာရှင်များ၊ ဥပဒေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများ မဟုတ်သော်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို သေသေချာချာ လေ့လာသိရှိထားရန်လိုပါကြောင်း။

လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ်ကာလတွင် အချို့သော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရပြီး အဆိုပါဒေသများသို့ နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အလှူရှင်များအချင်းချင်း ပူးပေါင်းပါဝင်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း။

ပြည်သူအားလုံးကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခင်ပုံမှန်အစည်းအဝေးကာလများထက် ယခုပုံမှန်အစည်းအဝေးတွင် ပိုမိုများပြားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လုပ်ငန်းတာဝန်များကို အချိန်မီနှင့် အောင်မြင်စွာ ပြီးမြောက်နိုင်ရန် အတွက် မိမိတို့တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို စိတ်ကောင်းစေတနာမှန်ဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော **ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအား ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အဖြစ် အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်၊ ၅/၂၀၂၆ ထုတ်ပြန်ခြင်း**နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ၂၀၂၆ ခုနှစ် သြဂုတ်လ ၂၄ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် အမှတ် ၅/၂၀၂၆ ဖြင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲ သတ်မှတ်ခဲ့ပါကြောင်း။

ယဉ်ကျေးမှုသည်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအတွက် အရေးပါသည့် အသက်သွေးကြောဖြစ်ပါကြောင်း၊ အမွေအနှစ်များ၏ ဆွဲဆောင်မှု၊ ထူးခြားမှု၊ ဝင်ငွေနှင့်ရေရှည်တည်တံ့မှုကိုဖန်တီးပေးပါကြောင်း၊ ယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းပြီး ဟိုတယ်လုပ်ငန်းနှင့် ဟန်ချက်ညီစွာ ပေါင်းစပ်နိုင်မှသာ ရေရှည်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုသည် နိုင်ငံအတွက် အရေးကြီးပြီး အမျိုးသားရေး စရိုက်လက္ခဏာကိုဖော်ဆောင်ပေးခြင်းနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်စေသည့် အခြေခံအရင်းအမြစ်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ဌာနနှင့် ဝန်ထမ်းဖွဲ့စည်းပုံအရ ယဉ်ကျေးမှုက ဟိုတယ်နှင့်ခရီးသွားထက်ပိုမိုဖွဲ့စည်းပုံကြီးမားပါကြောင်း၊ လတ်တလောဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်လိုခြင်းသည်လည်း မကြာမီကျင်းပတော့မည့်မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် ယဉ်ကျေးမှုကိုရှေ့တန်းတင်ဂုဏ်ပြု၍ အချိန်မီဆောင်ရွက်လိုသည့်အတွက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးရပ်နားထားချိန်တွင် နိုင်ငံတော်အတွက် အုပ်ချုပ်ရေးကဏ္ဍ ဆိုင်ရာလိုအပ်ချက်အရဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ထုတ်ပြန်၍ ဝန်ကြီးဌာနအမည်ပြောင်းလဲသတ်မှတ်ခဲ့မှုအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးဌာနကြား ရေးမှူးချုပ်ထံအမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်ခြင်းနှင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၆/၂၀၂၆ ထုတ်ပြန်ခြင်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေကို စစ်ဘက်မူလတာဝန်များကိုပြန်လည် ထမ်းဆောင်စေပြီး ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီး ကိုကိုဦးကို ပြည်ထဲရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေးနှင့်တရားဥပဒေ စိုးမိုးရေးကိစ္စရပ်များကို အဓိက တာဝန်ယူဆောင်ရွက်ရသည့်ဝန်ကြီး ဌာနဖြစ်ပါကြောင်း၊ ပြည်ထဲရေး ဝန်ကြီးဌာနသည်နိုင်ငံတော်၏ဥပဒေ စိုးမိုးရေးနှင့် လုံခြုံရေးအင်အားစု များစွာကိုစုစည်းထားပြီး အဓိက အားဖြင့် လူမှုလုံခြုံရေး၊ ရာဇဝတ်မှု ကာကွယ်တားဆီးခြင်းနှင့် စုံစမ်း စစ်ဆေးခြင်း၊ လမ်းစည်းကမ်း စိမံခန့်ခွဲမှုတို့ကို တာဝန်ယူသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စီးပွားရေးရေးရာ ရာဇဝတ်မှုများ၊ အဂတိလိုက်စားမှုနှင့် ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးသည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းထောင် စီမံခန့်ခွဲမှုတာဝန်ယူသည့် အကျဉ်းဦးစီးဌာန၊ မီးဘေးကာကွယ်ရေး၊ တားဆီးရေးနှင့် ကယ်ဆယ်ရေး တို့ကို တာဝန်ယူသည့် မီးသတ်ဦးစီးဌာန၊ အဓိကအားဖြင့် ရပ်ကျေးအဆင့်မှ ပြည်ထောင်စုအဆင့်ထိ အထွေထွေအုပ်ချုပ်ရေးဆိုင်ရာကိစ္စ ရပ်များကို တာဝန်ယူဆောင်ရွက် ရသည့်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနတို့ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အများပြည်သူ အေးချမ်းသာယာ ရေးအတွက် လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့် ဝန်ကြီးဌာန တစ်ခုဖြစ်ပါကြောင်း၊ ထိုသို့သော အကြောင်းအချက်များအရပြည်ထဲ ရေးဝန်ကြီးဌာန၏ နိုင်ငံတော်လုံခြုံ ရေးနှင့် အများပြည်သူအေးချမ်း သာယာရေးဆိုင်ရာလုပ်ငန်းကို ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လတ်တလော လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော် အစည်း အဝေးရပ်နားထားချိန်တွင် ဥပဒေ ကဲ့သို့အာဏာတည်သော အမိန့် ထုတ်ပြန်၍ ခန့်အပ်တာဝန်ပေးမှု အပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါကိစ္စ နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီးအဖြစ်အမည်စာရင်းတင်သွင်း ထားသည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်း သို့မဟုတ် ကန့်ကွက် လိုသည့် လွှတ်တော်ကိုယ်စား လှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော်အစည်း အဝေးဒုတိယနေ့တွင် ဆောင်ရွက် မည်ဖြစ်ပါကြောင်း၊ ကန့်ကွက်လို သည့် လွှတ်တော်ကိုယ်စားလှယ် အနေဖြင့် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၃ အရကန့်ကွက် ကြောင်းအဆိုကို ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတွင် နာယကထံ တင်သွင်းရမည်ဖြစ်ပြီး ယင်းအဆိုနှင့်အတူ ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၃ ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေထင်ရှားပြ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ် စားလှယ်ရှိပါက ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁ ရက် ကြာသပတေးနေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်ထောင်စုလွှတ်တော်ရုံးဌာနကြား ရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ** **စာမျက်နှာ ၈ သို့ ⇨**

⇨ စာမျက်နှာ ၇ မှ

ပေးပို့ထားသော ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စ တို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဟန်ဝင်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုစားဝတ်နေရေး၊ လူမှုစီးပွားဘဝအဆင့်ပြေစေရေးတို့အတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးစသည့် ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများအတွက်ရန်ပုံငွေများကိုလုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး ချိန်ဆ၍ ခွဲဝေသုံးစွဲလျက်ရှိပြီး၊ အခွန်ဘဏ္ဍာငွေ တိုးတက်ကောက်ခံရရှိရေးကိုလည်း အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီကို ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းတို့အပေါ် ၂၀၂၆ ခုနှစ် ပြည်ထောင်စုဓာတ်ငွေ့လုပ်ငန်းဦးစီးဌာန၏ အခွန်အကောက်ဥပဒေအရ အထူးကုန်စည်ခွန် ၅ ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းတို့ ကျသင့်မည်ဖြစ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ရည်ကို ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြည်လည်ရောင်းချခြင်းအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီစျေးနှုန်းအခြေအနေ၊ ပြည်တွင်း ဒီဇယ်ဆီစျေးနှုန်းနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်စျေးနှုန်း၊ ဓာတ်အားခစျေးနှုန်းအခြေအနေနှင့် အခြားဒေသတွင်းနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှုအခြေအနေများအပေါ် လစဉ်သုံးသပ်လျက်ရှိရာ ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်တို့ကို စက်တင်ဘာလအတွက် (၁)လ ထပ်မံတိုးမြှင့်ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

၂၀၂၆ ခုနှစ် ဩဂုတ်လအတွက် အခွန်ကင်းလွတ်ခွင့်ပြုရာပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပြီးမှ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အများပြည်သူထံသို့ အသိပေးကြေညာချက်ထုတ်ပြန်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ယခု စက်တင်ဘာလအတွက် ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်တို့ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက် အထိ (၁)လ ထပ်မံတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် ထုတ်ဝေသည့် နိုင်ငံပိုင်သတင်းစာများတွင် အများပြည်သူသို့ အသိပေးကြေညာချက်ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရခြင်းမှာ အဆိုပါကာလသည် လွှတ်တော်အစည်းအဝေးရပ်နားထားသည့် ကာလဖြစ်ပြီး အခွန်ကင်းလွတ်ခွင့်ပြုသည့် ကိစ္စသည်လည်း အခွန်ထမ်းပြည်သူများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက အချိန်နှင့်တစ်ပြေးညီသိရှိလိုက်ပါဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသည့်အတွက် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

သို့ပါ၍ ဒီဇယ်ဆီ (HSD 500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည် (LNG) အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်မှစက်တင်ဘာလ ၃၀ ရက်အထိ (၁)လ ထပ်မံခွင့်ပြုပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်ပြည်ထောင်စုဓာတ်ငွေ့လုပ်ငန်းဦးစီးဌာန၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ဒုံးဥဿံကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ကချင်ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ **အစား** ဗိုလ်မှူးကြီးစိုးရန်နောင်အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်သို့ တင်ပြ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phangနေ၁်တောင်(ခ)ဦးနေ၁်တောင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားအထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်အက်ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ဒုတိယအကြိမ်မြောက်လွှတ်တော်ဥက္ကဋ္ဌများညီလာခံသို့ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၆ ရက်မှ ၂၈ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်၊ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကိုယ်စားလှယ်ဒေါက်တာဖွင့်ဆန်းခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပပြုလုပ်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသို့ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ ၈ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီအတွင်းရေးမှူး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သီဟ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပပြုလုပ်သည့် အာဆီယံလွှတ်တော်များဆိုင်ရာ တတိယအကြိမ် ဆွေးနွေးပွဲသို့ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၉ ရက်မှ ၂၇ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်တို့ကို လွှတ်တော်သို့တင်ပြ၍ မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကကပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်မြင့်သောင်း**အစား** ဗိုလ်မှူးချုပ်ဇော်ဇော်ထွန်းအား လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဝင်းကိုကို **အစား** ဗိုလ်မှူးချုပ်ခင်မောင်စိုးအား လည်းကောင်း၊ အာဆီယံပါလီမန်များညီလာခံဆိုင်ရာပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးတင့်လွင်အေး **အစား** ဗိုလ်မှူးဇင်ကိုဝင်းအား လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ခြင်းကိုတင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူ အတည်ပြုသည်။

ဆက်လက်၍ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို အောက်တိုဘာလ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပုသိမ် စက်တင်ဘာ ၂၉

လက်ရှိဖြစ်ပေါ်နေသည့်ကုန်းတွင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများအထိ သက်ဆိုင်ရာဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများစုပေါင်း၍ လူအင်အားနှင့် စက်ယန္တရားများအသုံးပြုကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ပုသိမ်မြို့မင်းကြီးလမ်းရှိ ဈေးချောင်းချောင်း၊ ဝဝန်ကျွန်းသာရပ်ကွက် အလယ်လမ်းရေမြောင်း၊ အမှတ်(၃) ရပ်ကွက် ရွှေရုပ်တုအနီးလမ်းဘေး၀ဲ/ ယာရေမြောင်း၊ အမှတ်(၂) ရပ်ကွက် တလိုင်းချောင်းချောင်း၊ အမှတ်(၆) ရပ်ကွက်၊ နှစ်ထောင်တန်နှင့် အောင်ချမ်းသာလမ်းမကြီး ပင်မ



ရေမြောင်းနှင့်ကျောက်ဝူချောင်းတို့၌ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်နှင့်နုန်းမြေများ ရှင်းလင်းဖယ်ရှားခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် လူအင်အား၊ စက်ယန္တရားများနှင့် လိုအပ်သည့်ပစ္စည်းများကို ကြိုတင်စုစည်းထားရှိရန်၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက်ရေမြောင်းနှင့် ရေထုတ်မြောင်းများကို စဉ်ဆက်မပြတ် ရှင်းလင်းဆောင်ရွက်ရန်၊ မိုးလေဝသအခြေအနေနှင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည့်အခြေအနေကို အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်၍ သက်ဆိုင်ရာဌာနများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ရှိသည့် ပုသိမ်ကမ်းနားလမ်း ကျောက်ဝူပုသိမ်ထီးအနီးအောက်ခြေရေထဲပိုင်း ကာကွယ်ရေးလုပ်ငန်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပုသိမ်မြို့နယ်အတွင်း ဆောင်ရွက်ရန်ရှိသော ပုသိမ်မြို့အမှတ်(၁)ရပ်ကွက် ကမ်းနားလမ်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ပုသိမ်မြို့ ကမ်းနားလမ်းကျောက်ဝူပုသိမ်ထီးအနီး တိုးချဲ့ဆိပ်ခံတံတား (Jetty) တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့်တွေ့ဆုံဆွေးနွေး၍ Grade-12 အောင်ချက်မြင့်မားရန် အားလုံးပူးပေါင်း၍ ဆောင်ရွက်ရန်ရှိသည်များကို အင်တိုက်အားတိုက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်နိုင်ဆဲရှိသည့် မြစ်ကမ်းဘေး၊ ချောင်းဘေးရှိ ကျောင်းများစာရင်းကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ အချိန်မီကောက်ယူ၍ ကြိုတင်ပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၉

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/၈လ)

အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ဝမ်းတွင်း စက်တင်ဘာ ၂၉

ဝမ်းတွင်းမြို့နယ် မြို့နယ်အားကစားကွင်း၌ စက်ရက်ကန်းဖလားအမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီက ကျင်းပသည်။

ဦးစွာဖွင့်ပွဲတွင်အားကစားသမားများကနေရာယူပြီး အားကစားသစ္စာအဓိဌာန်ရွတ်ဆိုကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဘင်ခရာအဖွဲ့က တီးမှုတ်ဖျော်ဖြေရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ပြီး စက်ရက်ကန်းဖလား အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကိုစတင်သည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် ဝမ်းတွင်းမြို့နယ်ရပ်ကွက်၊ ကျေးရွာများမှ ဘောလုံးအသင်းပေါင်း ၃၇ သင်း၊ အားကစားသမား ၇၇၇ ဦးဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ဆန်းဦး

(၂၉-၉-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၄၉ ~ ၃၆၇၁	၅၅၇ ~ ၅၅၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၃,၁၄၅,၆၇၄.၇၈	၁၁,၇၆၃,၄၆၀.၃၄	၈,၈၉၃,၁၈၉.၅၇	-

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသတ္တမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျိုက်ထီးရိုးစေတီတော်သို့ နိုင်ငံခြားခရီးသည်များလာရောက်ခွင့် ဖြေလျှော့ပေးရေး၊ စက်ရေတွင်းတူးခြင်း၊ ရေစုကန်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်ခြင်းများ ဆောင်ရွက်ပေးရေး၊ မြေငှားဂရန် ထုတ်ပေးရေး၊ လမ်းအဆင့်မြှင့်တင်ပေးရေး၊ တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ပေးရေးနှင့် တံတားအဆင့်မြှင့်တင် ပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးစိုးလှ၏ **ကျိုက်ထီးရိုးစေတီတော် တည်ရှိရာဒေသသို့ နိုင်ငံခြားခရီးသည်များ လာရောက်ခွင့်ရှိသည့် အခြေအနေအား ဖြေလျှော့ပေးရန် သို့မဟုတ် ၎င်းတို့အလွယ်တကူ ဝင်ရောက်နိုင်ရန် ဆောင်ရွက်ပေးမည့်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ကျိုက်ထီးရိုးစေတီတော်သို့နိုင်ငံခြားသားခရီးသွားဧည့်သည်များ ယခုထက်ပို၍ အလွယ်တကူ လွတ်လပ်စွာဝင်ရောက်နိုင်ရန်အတွက် Online မှတစ်ဆင့် လျင်မြန်စွာ ခွင့်ပြုချက်ရယူနိုင်သည့်စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားသားခရီးသွား ဧည့်သည်များဝင်ရောက်မှု၊ တည်းခိုမှုနှင့် သွားလာမှုများကို သက်ဆိုင်ရာဌာနများမှ စနစ်တကျမှတ်တမ်းထားရှိခြင်း၊ ခရီးသွားပြည်သူများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးလာရောက်လည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များမှလုံခြုံရေးပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ပွင့်လင်းရာသီကာလ ဘုရားဖူးဧည့်သည်များအများဆုံးလာရောက်သည့် အချိန်အခါများ၌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ခရီးသွားလာခွင့်ဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသား ခရီးသွားဧည့်သည်များ၏ လုံခြုံရေးကို အလေးထားဆောင်ရွက်နိုင်ရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ကိုဖွဲ့စည်းထားရှိပြီး ခရီးလှည့်လည်ရေးကုမ္ပဏီများ၏ အစီအစဉ်ဖြင့် ဝင်ရောက်သည့်ခရီးစဉ်(Package Tour)များအတွက် ခရီးစဉ်ကြိုတင်ခွင့်ပြုမိန့်ရရှိစေရေးအတွက် ၁၄ ရက်ကြိုတင်၍ တင်ပြရမည့်အစားရုံးပိတ်ရက်မပါ ၁၀ ရက်ကြိုတင်၍ တင်ပြရန်ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ခရီးသွားဧည့်သည်များ အဆင်ပြေစွာလည်ပတ်နိုင်ရေးအတွက်ပြည်ထဲရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့၏ခွင့်ပြုချက်၊ သဘောထားမှတ်ချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပစဉ်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် မြို့ဦးကွက်သစ်ရပ်ကွက်နှင့် နယ်မြေ(၁၀/၁၁/၁၄) တို့အတွက် စက်ရေတွင်းတူးခြင်း၊ ရေစုကန်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့်ရေပိုက်လိုင်းသွယ်ခြင်းများအား မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က မလှိုင်မြို့သည် ရပ်ကွက်ကြီးလေးခုနှင့် ထန်းတောရပ်ကွက် တိုးချဲ့ကွက်သစ်ဟူ၍ ခြောက်ရပ်ကွက်ရှိပြီး စည်ပင်သာယာမှမြို့ရေပေးဝေနိုင်မှုမှာအမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄)ရပ်ကွက်များသို့ပေးဝေလျက်ရှိပြီး ယခုတင်ပြသည့် မြို့ဦးကွက်သစ်ရပ်ကွက်နှင့် နယ်မြေ(၁၀)၊ နယ်မြေ(၁၁)၊ နယ်မြေ(၁၄)တို့သည် အမြင့်ပိုင်းတွင်တည်ရှိသောကြောင့် လက်ရှိရေမပေးဝေနိုင်ခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြို့ဦးကွက်သစ်ရပ်ကွက်နှင့်နယ်မြေ(၁၀)၊ နယ်မြေ(၁၁)၊ နယ်မြေ(၁၄) တို့အတွက် သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရန် ၆ လက်မစက်ရေတွင်းတူးဖော်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများအား ဆောင်ရွက်မည်ဆိုပါက ယခုလက်ရှိဒေသပေါက်ဈေးနှုန်းဖြင့် တွက်ချက်ပါက ခန့်မှန်းကုန်ကျငွေကျပ် ၂၉၈ ဒသမ ၆ သန်းကုန်ကျမည်ဖြစ်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် တင်ပြတောင်းခံ၍ ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း၏**ရန်ကုန်မြို့အတွင်းရှိ ဘတ်စ်ကားမှတ်တိုင်များနှင့် ရှေ့နောက်ကြော်ငြာဆိုင်းဘုတ်လုပ်ပိုင်ခွင့်စာချုပ်အား မည်သို့ပြန်လည်စိစစ်၍ ဥပဒေနှင့်အညီ မည်ကဲ့သို့အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဘတ်စ်ကားမှတ်တိုင် တည်ဆောက်ခြင်းကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်းကို FML Decaux Co.,Ltd. တစ်ခုတည်းကိုသာ လုပ်ကိုင်ခွင့်ပြုထားခြင်း မရှိပါကြောင်းနှင့် ဘတ်စ်ကားမှတ်တိုင်တည်ဆောက်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော ကုမ္ပဏီများကိုလည်း စာချုပ်ပါသတ်မှတ်ချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး FML Decaux Co.,Ltd. အနေဖြင့်လည်း တစ်စုံတစ်ရာဖောက်ဖျက်ကျူးလွန်ခြင်းမရှိပါ၍ ၎င်းကုမ္ပဏီကို အရေးယူဆောင်ရွက်သွားရန်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး၏ **အင်းစိန်မြို့နယ်၌ အိမ်ရာကွက်ဖော်ပြီး အဆောက်အအုံများဆောက်လုပ်ရောင်းချခြင်းနှင့် ဂရန်မြေကွက်များရောင်းချခြင်းသည် မည်သည့်ဌာနမှခွင့်ပြုထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ 9-Avenue Villa အား I Green Construction Co., Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံသဖြင့် ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေအရ တရားစွဲဆိုအရေးယူထားပါကြောင်း၊ မြေကွက် ၂ ဒသမ ၉၈ ဧကတွင် အဆောက်အအုံရှစ်လုံးတင်ပြထားသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ရာ မြေကွက်ခွဲစိတ်ပြီး မြေကွက်တစ်ကွက်ချင်းစီအလိုက် တင်ပြလာမှသာ ဆောင်ရွက်ပေး၍ ရမည်ဖြစ်ကြောင်း အမှုတွဲပိတ်သိမ်းခွင့်တွင် ထည့်သွင်းအကြောင်းကြားထားပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများဆောက်လုပ်ထားခြင်းမရှိပါကြောင်း။

အင်းစိန်မြို့နယ် ဒဂုံသင်းကုန်းရပ်ကွက်ရှိ OASIS Villa အား I Green Construction Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မုခ်ဦးနှင့် အကာအရံများသာ ဆောင်ရွက်ထားပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများဆောက်လုပ်ထားခြင်းမရှိပါကြောင်း။

အင်းစိန်မြို့နယ် မြို့သစ်(၈) ရပ်ကွက်ရှိ Royal Taw Win Villa မြေပြင်စစ်ဆေးချက်အရ Royal Ponnami Residences အား Max Co.,Ltd. နှင့်ရွှေတောင်ကုမ္ပဏီလီမိတက်တို့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခြံစည်းရိုးကာရံခွင့်တင်ပြထားခြင်းနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြေပြင်တွင် အဆောက်အအုံများဆောက်လုပ်ထားခြင်း မရှိပါကြောင်း။

အဆိုပါ အိမ်ရာစီမံကိန်းများအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် အင်ဂျင်နီယာဌာန(အဆောက်အအုံ)တို့မှ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆောက်အအုံဆောက်လုပ်မိန့်အား ထုတ်ပေးထားခြင်းမရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟင်္သာတမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ **ဟင်္သာတမြို့ ရုံးကြီးရပ်ကွက် ကြက်ခြေနီအသင်းရုံးနှင့်မိခင်နှင့်ကလေးဆေးရုံးတို့၏ရုံးမြေနေရာအား စည်ပင်သာယာဦးစီးဌာနမှ စွန့်လွှတ်ပေး၍ မြေငှားဂရန်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က မြို့နယ်ကြက်ခြေနီအသင်းရုံးနှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတို့ ဆောက်လုပ်ထားသော မြေနေရာသည် ဟင်္သာတမြို့ ရုံးကြီးရပ်ကွက် ဦးရွှေဒွေးလမ်းနှင့် ဗိုလ်စောမောင်လမ်းကြားရှိ အကွက်အမှတ်-၃၂၊ အကွက်အမည် ရုံးကြီးရပ်၊ ဦးပိုင်အမှတ်-၇၊ ဧရိယာ ၁ ဒသမ ၀၇ ဧကရှိ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏စာရင်းအရ 1(A)မြို့နေစပါယ်အမည်ပေါက် မြေပေါ်တွင်တည်ရှိပြီး မြို့နယ်ကြက်ခြေနီအသင်းရုံးမှာ အကျယ်အဝန်း အလျား ပေ ၅၀၊ အနံ ၂၆ ပေ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးမှာ အကျယ်အဝန်း အလျား ၁၀၁ ပေ၊ အနံ ၄၄ ပေရှိပါကြောင်း။

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဆိုပါ မြေနေရာအားမြို့၏အဓိကကျသော Down Town Area တွင် ရှိသဖြင့် မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အများပြည်သူကိုယ်လက်လှုပ်ရှားအပန်းဖြေရန်နေရာအဖြစ် ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြူနီစပါယ်အမည်ပေါက်မြေနေရာပေါ်တွင် တည်ဆောက်ထားသော မြို့နယ်ကြက်ခြေနီအသင်းရုံးနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးမြေနေရာများနှင့် ခြံဝင်းတို့အား လတ်တလောစွန့်လွှတ်မည့်အစီအစဉ်မရှိသေးပါကြောင်းနှင့်ဆက်လက်အသုံးပြုရန်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးမိုးတင်၏ **စေတုတ္တရာမြို့နယ်အတွင်းရှိ မျဉ်းကြောင်းတောင်အဆင်းမှ တပွင်ရွာအထိလမ်း၌ ပူးဝမှ ကျောက် ချောလမ်းအား ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း၊ ကျန်ဂဝံလမ်းအား ကျောက်ချောလမ်းအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်က စေတုတ္တရာမြို့နယ်အတွင်းရှိ ခရိုင်ချင်းဆက်လမ်းမှ ခွဲထွက်ပြီး ကျေးရွာချင်းဆက်လမ်းဖြစ်သည့် မျဉ်းကြောင်းတောင်(ဥမွာကုန်း)အဆင်းမှ တပွင်ရွာအထိလမ်း သည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ အလယ်ဟန်ဒေါက်-ဗူးလမ်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်း၏အခြေအနေမှာ ကျောက်လမ်း ၆ မိုင် ၅ ဖာလုံနှင့် အမာခံလမ်း ၉ မိုင် ၄ ဖာလုံ ဖြစ်ပြီး စုစုပေါင်း ၁၆ မိုင် ၁ ဖာလုံ ဖြစ်ပါကြောင်း။

၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် မူလကျောက်လမ်းပိုင်းမှ ပျက်စီးမှုများသော လမ်းအရှည် ၁ မိုင် ၄ ဖာလုံအား ကျောက်လမ်းပြုပြင်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသောအမာခံလမ်းများအား ကျောက်လမ်းခင်းခြင်းလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးပါက ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် နှစ်အလိုက်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဥာဏ်ဝင်းထိုက်၏ **Smart City ဖြစ်စေရန် တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ပေးခြင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းအား အကျိုးတူလုပ်ကိုင်ရန် အင်းများမြေများချထားပေးခြင်းနှင့် ကားလမ်းမပေါ်တွင် စာမျက်နှာ ၁၀ သို့ ♦**

♦ **စာမျက်နှာ ၉ မှ**

ဈေးရောင်းချနေသူများကို စနစ်တကျ ရှင်းလင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပါအဝင် မြို့ကြီးများတွင်ရှိသော နိုင်ငံဝန်ထမ်းများ၊ အငြိမ်းစားများနှင့်အိမ်ငှားရမ်းနေထိုင် လိုသူပြည် သူများအတွက် အိမ်ငှားခသက်သာသော ပြည်သူ့အငှားအိမ်ရာ စီမံကိန်းများနှင့် တန်ဖိုးနည်း၊ တန်ဖိုးမျှတ အရောင်းအိမ်ရာများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့်လည်းကောင်း တည်ဆောက်၍ ငှားရမ်းခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြို့ကြီးများ၌ အလုပ်အကိုင်အခွင့်အလမ်းအတွက်စက်မှုစိုက်ပျိုး၊ မွေးမြူရေးဇုန်များအကောင်အထည်ဖော်ပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပြည်သူများ၏အလုပ်အကိုင်အခွင့်အလမ်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးထားသော စက်မှုဇုန်စုစုပေါင်း ဧရိယာဧက ၁၂၀၀၀ ကျော်ရှိသည့် အပြင် ညောင်ကုန်းပင်စိုက်ပျိုး၊ မွေးမြူရေးဇုန် ဧရိယာ ၁၀၀၀၆၂ ဧကခန့်၊ ပဲခူးတိုင်း ဒေသကြီးအတွင်း ပြည်သူများ၏အလုပ်အကိုင်အခွင့်အလမ်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးထားသော စက်မှုဇုန်စုစုပေါင်း ဧရိယာဧက ၁၂၀၀၀ ကျော်ရှိသည့် အပြင် ညောင်ကုန်း-ချောင်းဖျား-သရက်ကုန်းလမ်းသည် အိမ်မဲ - ဒါးကလမ်းပေါ်ရှိ ချောင်းဖျားကျေးရွာမှ စတင်၍ သရက်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသော စုစုပေါင်းအရှည် ၁၂ မိုင် ၅ ဖာလုံရှိသည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၃ မိုင်၅ ဖာလုံနှင့် ကျောက်ခင်းလမ်း ၉ မိုင်ဖြစ်ပြီး စုစုပေါင်းလမ်းအရှည် ၁၂ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ပထမအဆင့် အနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ပျက်စီးမှုများပြားသော ကျောက်ခင်းလမ်းအရှည် ၄ ဖာလုံကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်လျာထားပြီး ဒုတိယအဆင့် အနေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှ စတင်၍ ကျောက်ခင်းလမ်းအသစ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို နှစ်အလိုက်ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တီးတိန်မဲဆန္ဒနယ်မှ ဦးဆလိုင်းအောင်ပြည့်၏ **တီးတိန်မြို့နယ်၊ မဏိပူရံမြစ်ကူးဒါတ်တားတံတားအား အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ချင်းပြည်နယ်၊ တီးတိန်ခရိုင်၊ တီးတိန်မြို့နယ်ရှိ မဏိပူရံမြစ်ကူးဒါတ်တားတံတားသည် ချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော ပတ်ဇန်-ဟောလေးလမ်းပေါ်တွင်တည်ရှိသည့် အရှည် ပေ ၃၅၀ ရှိသော တံတားဖြစ်ပါကြောင်း၊ အဆိုပါတံတားသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းရန်ပုံငွေဖြင့် သံပေါင်ကြိုးတံတား အလျား ပေ ၃၅၀ နှင့် အကျယ် ၁၄ ပေ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၎င်းဦးစီးဌာနမှ ပြည်နယ်ရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သော တံတားဖြစ်ပါကြောင်း။

လတ်တလောအခြေအနေအရ ၎င်းတံတားအား ခံနိုင်ဝန်တန် ၆၀ အထိ အဆင့်မြှင့်တင်တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်ယာဉ်သွားလာမှုလိုအပ်ချက်ရှိသည့်ကာလမှသာ အဆိုပါတံတားအား ခံနိုင်ဝန်တန် ၆၀ အထိ အဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **ထူးကြီး-ရွှေကျင်လမ်းမှ အင်္ဂပူမြို့နယ်အဝိုင် ထူးကြီး-ကညွတ်ကုန်းလမ်းမှာ ပျက်စီးနေပါသဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ထူးကြီး-ရွှေကျင်လမ်းမှ အင်္ဂပူမြို့နယ်အဝိုင် ထူးကြီး- ကညွတ်ကုန်းလမ်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ပျက်စီးနေသော လမ်းအရှည် ၃ ဖာလုံအား ချောင်းကျောက်ဖြင့် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ပထမအဆင့်အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း(ဖြည့်စွက်)ရန်ပုံငွေတွင် ပျက်စီးမှုများပြားသော လမ်းအရှည် ၅ ဖာလုံကို ကျောက်ခင်းလမ်းအသစ်အဖြစ် ဆောင်ရွက်နိုင်ရန်လျာထားပြီး ဒုတိယအဆင့် အနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှ စတင်၍ ကျန်ရှိသောလမ်းပိုင်းများကို ကျောက်ခင်းလမ်းအသစ်အဖြစ် ဆောင်ရွက်နိုင်ရန် နှစ်အလိုက် ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာချွေပြည်စိုးက **"မြန်မာမှုရိုးရာစားစရာ"ထမနဲ"ကို လည်းကောင်း၊ မြန်မာမှုလက်ရာရက်ကန်းပညာ"လွန်းရာကျော်ကြိုးကြီးချိတ်လုပ်ငန်း"ကိုလည်းကောင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရန် ယူနက်စကိုသို့ပေးပို့လုပ်ဆောင်သင့်ကြောင်း** အဆိုကို တင်သွင်းရာ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးအဋ္ဌမနေ့ကို စက်တင်ဘာလ ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် တံုပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်ဆောင်ရွက်

လားရှိုး စက်တင်ဘာ ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ လားရှိုးကြီးရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း (အခြေခံပညာအထက်တန်းကျောင်း(ခွဲ))၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ကလေးသူငယ်များအတွက်သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် တံုပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ် (Kaeru Caravan)ကို ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းသစ်နှင့်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များကလားရှိုးမြို့ အမှတ်(၇)အခြေခံပညာအလယ်တန်းကျောင်း(အခြေခံပညာအထက်တန်းကျောင်း(ခွဲ))ရှိ ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၃၆၅ ဦးတို့အား မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ဘေးအန္တရာယ်ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာဗဟုသုတများစိမ့်ဝင်ပျံ့နှံ့စေရန် ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် တံုပြန်ဆောင်ရွက်ရေးအသိပညာပေးအစီအစဉ်(Kaeru Caravan)ကို ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှသိရသည်။

လူမော်(ပြန်/ဆက်)။(၄၀၄)

ပါဝင်မနှေး အားစိုက်ပေး

❖ တို့နိုင်ငံ ပြည်ထောင်စု
ဖွံ့ဖြိုးမှု အခြေခံ။
ပညာရေး ဖွံ့ဖြိုးမှ
အမျိုးသား အကျိုးစီးပွား
ကြီးထွားရှင်သန်။
ပညာရေး ဖွံ့ဖြိုးရန်
အုတ်မြစ်မှန် ဆရာတို့။
လူ့စွမ်းအား အရင်းမြစ်
ထွန်းသစ်စေဖို့။

❖ စာကိုသင် လူပြင်ရ
ဖြူစင်လှ စံနမူ။
လောကကို အမှောင်ခွင်း
အလင်းဆောင်သူ။
သောကတရား
ကရုဏာထား ဖြေဖျောက်သူ
အပူခံ မေတ္တာလက်။
တိုင်းနိုင်ငံ အနာဂတ်ကျိုးကို
ပန်းပျိုးကာ မပြတ်သဒ္ဓါနဲ့
မြတ်ဆရာ ဥယျာဉ်မှူး
ထူးလို့ဂုဏ်တက်။

❖ ကြိုင်ပျံ့ရှားပါတဲ့
နိုင်ငံ့သားကောင်း ရတနာများ
မွေးဖွားဖို့ သည်ဝန်တာ။
ဆရာတို့ ပခုံးထက်
ရှိလျက်သေချာ။
ပညာကုံ သီလပြည့်
သမာဓိက ကျောက်တောင်ပမာ
ကျင့်သိက္ခာ မြှင့်တင်စို့။
ရှိတာဝန် ကျေပွန်ထမ်း
စွမ်းနိုင်ကြဖို့။

❖ "နိုင်ငံတော် ဖွံ့ဖြိုးဖို့
အားပေးစို့ မြတ်ပညာ"။
ဆောင်ပုဒ်မွန် စေတနာစွမ်းနဲ့
ကြိုးပမ်းခုခါ။
တတ်သိပညာ လုပ်သား
ဆရာများ ညီညီညာ
ပါဝင်ကာ မနှေး။
ဘဝအနှစ် ရတနာ
ဆရာ့သစ္စာ ရင်မှာပိုက်လို့
အားစိုက်စို့လေး။ ။

မောင်ယုလွင်(သပြေ)

အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး သည် အပြည်ပြည်ဆိုင်ရာသဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature–IUCN)၏ မဲခေါင်အောက်ပိုင်းဒေသခွဲဆိုင်ရာ အကြီးအကဲ (Head, Lower Mekong Sub-Region) Mr. Jacob Sebastian Brunner အား ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၂၈) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် IUCN ၏ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့ပြီး အပြုသဘောဆောင်သည့် ရလဒ်ကောင်းများ ထွက်ပေါ်စေမည့် ပူးပေါင်းဆောင်ရွက်မှုများရရှိရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအဆင့် သဘာဝထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး အဓိကမူဘောင်များဖြစ်သည့် နိုင်ငံအဆင့် ဒီရေတောဆိုင်ရာ လုပ်ငန်းစီမံချက်၊ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်နှင့် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ် ရေးဆွဲခြင်းများဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲနှင့် ရေရှည်သယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး၊ သစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

၂၉-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့်နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းတွင် "အနာဂတ်ကို ပုံဖော်ဖို့ ဒီကနေ့ပဲ စကြပါစို့" ခေါင်းစဉ်ဖြင့် နေပြည်တော် ဧမ္မူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် စာရေးဆရာအောင်ဇံယူ(အား/ကာ)ကမိတမေတ္တာကို ဖော်ကျူးထားသည့် "စကားပြောသောအသည်းနှလုံး" အပါအဝင် "လဲလျှင်ပြန်ထ ၊ ဘဝ"၊ "တန်ဖိုးထားရာ ကိုယ် ကျင့်သိက္ခာ"၊ "မျှော်လင့်ခြင်း ဖယောင်းတိုင်" စသည့်ဗဟုသုတပွားများစေသည့် ပုံပြင်များ၊ အတွေ့အကြုံများ၊ စိတ်ဝင်စားဖွယ်ရာများ၊ ဗဟုသုတများ ပေါင်းစည်းထားသည့် "အနာဂတ်ကို ပုံဖော်ဖို့ ဒီကနေ့ပဲ စကြပါစို့" ခေါင်းစဉ်ဖြင့် လူငယ်များ အားအင်တိုး၍ အသိပညာများတိုးပွားလာစေရန် ဟောပြောသည်။

ယင်းနောက် နေပြည်တော်လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်စိုးလင်းက ဉာဏ်စမ်းပဟေဠိများကို ကျောင်းသား၊ ကျောင်းသူများအား မေးမြန်း၍ မှန်ကန်စွာဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများကို ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါဟောပြောပွဲတွင် လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့်နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းတို့က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ဧမ္မူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက လက်ခံရယူသည်။

ထို့နောက် လူငယ်ရေးရာအသိပညာများ ဟောပြောပေးသည့် စာရေးဆရာ အောင်သူ (အား/ကာ) ကိုဂုဏ်ပြုလက်ဆောင်ပေးပြီး ဧမ္မူသီရိမြို့နယ်အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းဖွဲ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ၁၀သိန်းကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးဦးစစ်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ လူငယ်ရေးရာဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ အမျိုးသမီးအားကစားကော်မတီနာယကနှင့် အဖွဲ့များ၊ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

၁ ရှေ့ဖုံးမှအဆက်

ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ပွဲတော်ကို ပြည်ထောင်စုဝန်ကြီးက မင်္ဂလာဖားစည်တီး၍ ဖွင့်လှစ်ပေးပြီး ဒီးကူပွဲတော်သည် စိုက်ပျိုးပြီးသည့် ကောက်ပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းစေခြင်း၊ စည်းလုံးခြင်းနှင့် ဝေးကွာနေသည့် မိသားစုများ ပြန်လည်ဆုံစည်းသည့် ပွဲတော်ဖြစ်သည်ဟုသိရှိရကြောင်း၊ ကယားပြည်နယ်သည် သဘာဝတရားနှင့် ပြည့်စုံနေပြီး တိုင်းရင်းသားပြည်သူများ၏ ရိုးသားကြိုးစားမှု၊ မိသားစုစိတ်ဓာတ်ရှိမှု၊ ရိုးရာဓလေ့များ ထိန်းသိမ်းမှု၊ တစ်ဦးကိုတစ်ဦး သည်းခံခွင့်လွှတ်တတ်မှု စိတ်ဓာတ်များကြောင့် နှစ်လိုဖွယ်ရာ ပြည်နယ်တစ်ခုအဖြစ် ယနေ့အထိ ရပ်တည်နိုင်ခဲ့ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးရှိမှု၊ ညီညွတ်မှု၊ အချင်းချင်းအလေးထားမှု၊ ပေါင်းစည်းမှုတို့ ပေါင်းစုထားသည့် ကယားတိုင်းရင်းသားတို့၏ယဉ်ကျေးမှုများ၊ ရိုးရာအမွေအနှစ်များကို မျိုးဆက်သစ်များ ဂုဏ်ယူစရာအဖြစ် မပျောက်ပျက်အောင်ဆက်လက် ထိန်းသိမ်းကြရန် တိုက်တွန်း ပါကြောင်းပြောကြားသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပွဲတော်အတွက် ထောက်ပံ့ငွေများပေးအပ်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးတို့က ဖျော်ဖြေရေးအဖွဲ့များအတွက်ဂုဏ်ပြုငွေများပေးအပ်သည်။

ဆက်လက်၍ ကန္ဒာဟေဝန် ကျောက်သားရင်ပြင်ရိုးရာစုပေါင်းအဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော် မုခဦးကို တက်ရောက်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာများမှ တိုင်းရင်းသားပြည်သူများနှင့်အတူ ကယားတိုင်းရင်းသားတို့၏ ဒီးကူကောက်ညှင်းထုပ်၊ ခေါင်ရည်၊ ကယားဝက်အူချောင်း၊ ကယားရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံသော ပွဲတော်မိတ်ဆုံစားပွဲသို့တက်ရောက်ကာ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများပေးအပ်သည်။

ယနေ့ကျင်းပသည့် ပွဲတော်တွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာများမှ တိုင်းရင်းသားပြည်သူတစ်ထောင်ကျော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ရခိုင်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ(၁/၂၀၂၆) အစည်းအဝေးကျင်းပ



စစ်တွေ စက်တင်ဘာ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ရခိုင်ပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ (၁/၂၀၂၆) အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ရခိုင်ပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိကဆောင်ရွက်သော နယ်စပ်ဒေသဇရိယာအဖြစ် သတ်မှတ်ထားသည့် ၁၈၈ မြို့နယ်ထဲတွင် ရခိုင်ပြည်နယ်မှ ၁၇ မြို့နယ်ပါဝင်သဖြင့် ရခိုင်ပြည်နယ်တစ်ခုလုံး နယ်စပ်ဒေသဇရိယာတွင်အကျုံးဝင်သွားကြောင်း၊ ဌာနဆိုင်ရာများ အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍများ အလိုက် စံချိန်စံညွှန်းနှင့်ကိုက်ညီအောင် ဆောင်ရွက်သွားကြရန်နှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်လုပ်ငန်းများ လျာထားရာတွင် ဒေသအတွက် အမှန်တကယ်အကျိုးရှိပြီး ထိရောက်သောလုပ်ငန်းများ ဖြစ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ရခိုင်ပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ရခိုင်ပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ တွဖက်အတွင်းရေးမှူး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ပြည်နယ်ဦးစီးမှူးက ရခိုင်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၏လုပ်ငန်းဆောင်ရွက်ထားရှိမှုအစီအမံများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို လည်းကောင်းဆွေးနွေးတင်ပြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပေးကာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

မြို့ဖြစ်မိမ်းလန်းဇရိယာမှသည် ဖြည်သူ့အပန်းဖြေရာနေရာများဆီသို့

ဝေဖြိုးအောင်

မြို့ပြတည်ဆောက်ရေးနှင့် မြို့ပြစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် စိမ်းလန်းဇရိယာများသည် အလှဆင်သက်သက်မဟုတ်ဘဲ ပြည်သူလူထု၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အတွက်မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံ တစ်ရပ် ဖြစ်လာနေပြီဖြစ်သည်။ မြို့ပြလူဦးရေ ထူထပ်လာမှု၊ စက်မှုလုပ်ငန်းများတိုးချဲ့လာမှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ယိုယွင်းလာမှုကို တန်ပြန် ထိန်းချုပ်နိုင်ရန်အတွက် စိမ်းလန်းဇရိယာများ ကို အများပြည်သူအပန်းဖြေရာနေရာများအဖြစ် စနစ်တကျပြောင်းလဲအသုံးချရန် လိုအပ်လျက် ရှိသည်။

စိမ်းလန်းဇရိယာဆိုသည်မှာ သစ်ပင်ပန်းမန်များ စိုက်ပျိုးထားသော ပန်းခြံများ၊ မြို့ပြသစ်တောများ၊ ရေကန်များနှင့် သဘာဝပတ်ဝန်းကျင်အတိုင်း အတာတစ်ခုအထိ ထိန်းသိမ်းထားသောနေရာ များကိုဆိုလိုသည်။ ဤနေရာများကို အများပြည်သူ လွတ်လပ်စွာအသုံးပြုနိုင်သော အပန်းဖြေနေရာများ အဖြစ် ဖန်တီးခြင်းသည် ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ပေးရုံသာမက မြို့ပြ၏လူနေမှုအဆင့်အတန်း ကိုပါ သိသိသာသာတိုးတက်စေသည်။ နိုင်ငံတကာ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများတွင် မြို့နေ လူထုတစ်ဦးလျှင်ရရှိနိုင်သော စိမ်းလန်းဇရိယာအကျယ် အဝန်းသည် အရေးပါသောကဏ္ဍမှ ပါဝင်နေသည်။

မြို့ပြစီမံခန့်ခွဲမှုနှင့် မြေယာအသုံးချမှု

မြို့ပြစီမံခန့်ခွဲမှုရှုထောင့်မှကြည့်မည်ဆိုလျှင် မြေယာအသုံးချမှုမူဝါဒသည် အလွန်အရေးကြီး သည်။ မြို့ပြဇရိယာများ ကျယ်ပြန့်လာသည်နှင့်အမျှ လူနေအိမ်ရာများ၊ စီးပွားရေးအဆောက်အအုံများ၊ လမ်းတံတားများအတွက် မြေနေရာလိုအပ်ချက် မြင့်မားလာသည်။ သို့သော်လည်း စနစ်ကျသော မြို့ပြစီမံကိန်းတွင် အဆိုပါအဆောက်အအုံများ ကြား၌ စိမ်းလန်းဇရိယာများအတွက် မြေနေရာ ကို မဖြစ်မနေချန်လှပ်ထားရန်လိုအပ်သည်။ မြို့ပြ မြေယာစီမံခန့်ခွဲမှုဥပဒေများနှင့် စည်ပင်သာယာရေး လုပ်ထုံးလုပ်နည်းများတွင် မြို့ပြအဆုတ်ဟု တင်စားရသည့် ပန်းခြံများအတွက် တိကျသော ဧနှုန်သတ်မှတ်ချက်များ ပြဋ္ဌာန်းထားရန်လိုအပ် သည်။ စိမ်းလန်းဇရိယာများကို ရွေးချယ်ရာတွင် လူနေထူထပ်သောရပ်ကွက်များ၊ စီးပွားရေးဇုန် များနှင့် နီးကပ်စွာတည်ရှိရန်လိုအပ်ပြီး ပြည်သူ လူထု အလွယ်တကူသွားလာနိုင်သောနေရာများ ဖြစ်သင့်သည်။ မြို့ပြအင်္ဂါရုပ်များနှင့် ညီညွတ် စေရန်အတွက် လမ်းဘေးဝဲယာသစ်ပင်များ၊ လူသွား စင်္ကြံများနှင့် အသေးစားပန်းခြံလေးများကို ဖန်တီး ပေးခြင်းဖြင့် မြေကွက်လပ်အလွတ်များကို အကျိုးရှိစွာ အသုံးချနိုင်သည်။ ထို့ပြင် မြို့ပြအစွန်အဖျားဒေသ များရှိ သဘာဝတောအုပ်များနှင့် ရေကန်များကို လည်း ထိန်းသိမ်းကာ သဘာဝအခြေခံအပန်းဖြေ စခန်းများအဖြစ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက် သင့်သည်။

မြေယာစီမံခန့်ခွဲမှုတွင် နောက်ထပ်အရေးကြီး သောအချက်မှာ သိမ်းဆည်းထားသောမြေနေရာများ ကို စိမ်းလန်းဇရိယာများအဖြစ်ပြန်လည်အသက်သွင်း ခြင်းဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် မြို့ပြ၏ ရုပ်ဆင်းအင်္ဂါကို ပြန်လည်လန်းဆန်းစေရုံသာမက ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးကိုပါ အထောက်အကူပြုသည်။ မြို့ပြ စီမံကိန်းရေးဆွဲသူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်း များသည် မြေယာအသုံးချမှုပုံစံကိုရေးဆွဲရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ရ မည်ဖြစ်သည်။

ပြည်သူ့ကျန်းမာရေးနှင့် စိမ်းလန်းဇရိယာများ၏ အခန်းကဏ္ဍ

စိမ်းလန်းဇရိယာများသည် ပြည်သူ့ကျန်းမာ ရေးမြှင့်တင်ရေးအတွက် အခရာကျသော အခန်း ကဏ္ဍမှ ပါဝင်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်အရမြို့နေလူထုတစ်ဦးလျှင်အနည်းဆုံး စိမ်းလန်းဇရိယာ ၉ စတုရန်းမီတာရှိသင့်သည်ဟု အကြံပြုထားသည်။ သို့သော်လည်း စံပြမြို့ပြများ တွင် တစ်ဦးလျှင် ၅၀ စတုရန်းမီတာအထိထားရှိရန် ရည်မှန်းချက်ထား ဆောင်ရွက်လေ့ရှိကြသည်။ ပန်းခြံများနှင့် လဟာပြင်အပန်းဖြေစခန်းများသည် ပြည်သူများအတွက် ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်ရန် အကောင်းဆုံးနေရာများဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးရှုထောင့်မှကြည့်လျှင် စိမ်းလန်းဇရိယာများသည် လေထုညစ်ညမ်းမှုကို



မိုးရေများကို သဘာဝအတိုင်း စုပ်ယူထိန်းသိမ်းနိုင်ရန်နှင့် ရေကြီးရေလျှံမှုကာကွယ်ရန် ပန်းခြံများ၊ သစ်ပင်စိမ်းလန်းဇရိယာများနှင့် ရေလမ်းကြောင်းများကို မြို့ပြအဆောက်အအုံများအကြား ထည့်သွင်းဆောက်လုပ်ထားသည့် မြို့ပြစီမံကိန်းပုံ



လူနေအဆောက်အအုံများနှင့် မြို့ပြအဆောက်အအုံများအကြား လူထုအပန်းဖြေနိုင်ရန်၊ ကိုယ်လက်လှုပ်ရှားပြုလုပ်ရန် သစ်ပင်ပန်းမန်များနှင့် စနစ်တကျဖန်တီးထားပုံ

လျော့ချပေးခြင်း၊ အောက်ဆီဂျင်ထုတ်လွှတ်ပေးခြင်း နှင့် ဖုန်မှုန့်များကိုစုပ်ယူပေးခြင်းတို့ကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို သိသိသာသာလျော့ကျစေသည်။ ထို့ပြင် ပြည်သူ များ နေ့စဉ်လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီး ခြင်း စသည့် ကိုယ်လက်လှုပ်ရှားမှုများပြုလုပ်နိုင်ရန် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ကိုဖန်တီးပေးခြင်း ဖြင့် နှလုံးရောဂါ၊ ဆီးချိုသွေးချိုနှင့် သွေးတိုး စသည့် မကူးစက်နိုင်သောရောဂါများဖြစ်ပွားမှုကို ဟန့်တား ပေးနိုင်သည်။ ဤသည်မှာ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးစောင့် ရှောက်မှု၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအတွက်လည်း စိမ်းလန်းဇရိယာများသည်ကြီးမားသောအကျိုးသက် ရောက်မှုရှိသည်။ သဘာဝပတ်ဝန်းကျင်နှင့် နီးကပ်စွာ နေထိုင်ရခြင်းသည် စိတ်ဖိစီးမှုကိုလျော့ကျစေပြီး စိတ်ဓာတ်ကျဆင်းမှုနှင့် စိုးရိမ်ပူပန်မှုများကို သက်သာစေကြောင်း ဆေးပညာရှင်များက ထောက်ခံ ထားကြသည်။ နေ့စဉ်လုပ်ငန်းခွင်မှ ပင်ပန်းနွမ်းနယ် လာသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ် များအတွက် ပန်းခြံများသည် စိတ်အပန်းဖြေစရာ၊ အချင်းချင်းတွေ့ဆုံနှုတ်ဆက်စရာ လူမှုဆက်ဆံရေး နယ်ပယ်တစ်ခုအဖြစ်တည်ရှိနေသည်။ ပြည်သူ့ ကျန်းမာရေးမူဝါဒများချမှတ်ရာတွင် ဆေးရုံ ဆေးခန်းများတည်ဆောက်ခြင်းနည်းတူ ကျန်းမာရေး နှင့်ညီညွတ်သော ပတ်ဝန်းကျင်တစ်ခုဖန်တီးပေးခြင်း သည်လည်း အရေးကြီးသောကျန်းမာရေးရင်းနှီး မြှုပ်နှံမှုတစ်ခုဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှု လိုက်လျောညီထွေဖြစ်စေခြင်း

ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲမှုသည် တစ်ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုဖြစ်လာ နေသည်။ မြို့ပြများတွင် ကွန်ကရစ်လမ်းများ၊ အဆောက်အအုံများနှင့် စက်တပ်ယာဉ်များကြောင့် အပူချိန်မြင့်မားလာကာ မြို့ပြအပူလှိုင်းကျွန်းဆွယ် အကျိုးသက်ရောက်မှုများကို ခံစားနေကြရသည်။ ဤပြဿနာကိုဖြေရှင်းရန်အထိရောက်ဆုံးနည်းလမ်း မှာ စိမ်းလန်းဇရိယာများကို တိုးချဲ့ခြင်းပင်ဖြစ်သည်။ သစ်ပင်များသည် အရိပ်အာဝါသကိုပေးစွမ်းနိုင် ရုံသာမက ရေငွေ့ပြန်ခြင်းလုပ်ငန်းစဉ်မှတစ်ဆင့် ပတ်ဝန်းကျင်အပူချိန်ကို ၂ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ လျော့ချပေးနိုင်စွမ်းရှိသည်။

ထို့ပြင် မြို့ပြရေနုတ်မြောင်းစနစ်တွင်လည်း စိမ်းလန်းဇရိယာများက များစွာအထောက်အကူပြု သည်။ မိုးသည်းထန်စွာရွာသွန်းချိန်တွင် သစ်ပင်များ နှင့်မြေသားများသည် မိုးရေကို စုပ်ယူထိန်းသိမ်း ထားနိုင်သဖြင့် မြို့တွင်းရေကြီးရေလျှံမှုများကို ကာကွယ်ပေးသည်။ ခေတ်မီမြို့ပြစီမံကိန်းများတွင် ရေမြှုပ်ပန်းခြံများနှင့် မိုးရေလှောင်ကန်များပါဝင် သော စိမ်းလန်းဇရိယာများကို တမင်ဖန်တီးလာကြ သည်။ ယင်းကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မြေအောက် ရေကြောများကို ပြန်လည်ဖြည့်တင်းပေးနိုင်ပြီး နွေရာသီ ရေရှားပါးမှုပြဿနာကိုလည်း တစ်ဖက် တစ်လမ်းမှဖြေရှင်းပေးနိုင်သည်။

ဧဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးရှုထောင့်မှကြည့်လျှင် လည်း မြို့ပြပန်းခြံများသည် ငှက်များ၊ လိပ်ပြာများနှင့် အခြားသော အကျိုးပြုအင်းဆက်များအတွက် ခိုလှုံရာစခန်းများဖြစ်လာသည်။ ဒေသခံ သစ်ပင် ပန်းမန်မျိုးစိတ်များကို စိုက်ပျိုးခြင်းဖြင့် မြို့ပြ အတွင်း ဂေဟစနစ်ကို ပြန်လည်အသက်ဝင် လာစေနိုင်သည်။ ထို့ကြောင့် စည်ပင်သာယာရေး အဖွဲ့များအနေဖြင့် ပန်းခြံများတည်ဆောက်ရာတွင် နိုင်ငံခြားမျိုးစိတ်များထက် ရာသီဥတုနှင့်ကိုက်ညီ သော ဒေသခံမျိုးစိတ်များကို ဦးစားပေးရွေးချယ် စိုက်ပျိုးသင့်သည်။

စမတ်စီးတီးအယူအဆနှင့် ခေတ်မီပန်းခြံများ၏ ပေါင်းစပ်မှု

နည်းပညာများအရှိန်အဟုန်ဖြင့်တိုးတက်လာ သော ယနေ့ခေတ်တွင် စမတ်စီးတီးအယူအဆ သည် မြို့ပြစီမံခန့်ခွဲမှု၏ အဓိကမဏ္ဍိုင်ဖြစ်လာသည်။ အများပြည်သူအပန်းဖြေပန်းခြံများကို စမတ်ပန်းခြံ များအဖြစ် အဆင့်မြှင့်တင်ခြင်းဖြင့် ပြည်သူလူထုအား ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများ ပေးစွမ်းနိုင်မည် ဖြစ်သည်။ ဥပမာအားဖြင့် IoT (Internet of Things) နည်းပညာကိုအသုံးပြု၍ ပန်းခြံအတွင်းရှိ မြေဆီလွှာ စိုထိုင်းဆ၊ အပူချိန်နှင့် လေထုအရည်အသွေး တို့ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်တိုင်းတာနိုင် သည်။ ဤအချက်အလက်များကို **စာမျက်နှာ ၁၃ သို့**❑

❑ စာမျက်နှာ ၁၂ မှအဆက်

အခြေခံ၍ အလိုအလျောက် ရေဖျန်းစနစ်များကို တပ်ဆင်အသုံးပြုခြင်းဖြင့် ရေနှင့်လျှပ်စစ်စွမ်းအင် အလေအလွင့်ကို များစွာလျှော့ချနိုင်သည်။

လုံခြုံရေးနှင့် သက်သောင့်သက်သာရှိစေရေး အတွက် စမတ်မီးတိုင်များ တပ်ဆင်ခြင်းသည်လည်း မရှိမဖြစ်လိုအပ်သည်။ လူရှိချိန်တွင်သာ လင်းအား တိုးပေးပြီး လူမရှိချိန်တွင် မှိန်ထားနိုင်သော Motion Sensor မီးတိုင်များသည် စွမ်းအင်ချွေတာရေးအတွက် အထူးသင့်လျော်သည်။ ထို့ပြင် CCTV ကင်မရာများ၊ အရေးပေါ်ခေါ်ဆိုနိုင်သော SOS ခလုတ်များနှင့် အခမဲ့ Wi-Fi ဝန်ဆောင်မှုများကို ပန်းခြံများအတွင်း ထည့်သွင်းပေးခြင်းဖြင့် ပြည်သူများ၏ လုံခြုံရေးနှင့် သတင်းအချက်အလက် ရယူနိုင်ခွင့်ကို မြှင့်တင်ပေးနိုင်သည်။ စမတ်ဖုန်း အက်ပလီကေးရှင်းများမှတစ်ဆင့် ပန်းခြံအတွင်းရှိ လမ်းညွှန်မြေပုံများ၊ အားကစားကွင်း ကြိုတင်စာရင်းသွင်းမှုများနှင့် ပွဲတော်သတင်းများကို ပြည်သူများထံ အလွယ်တကူ အသိပေးနိုင်သည်။

သန့်ရှင်းရေးနှင့် စည်ပင်သာယာရေးအတွက် အမှိုက်ပုံးများကိုလည်း စမတ်အမှိုက်ပုံးများအဖြစ် ပြောင်းလဲအသုံးပြုနိုင်သည်။ အမှိုက်ပြည့်သွားပါက စည်ပင်သာယာရေးဝန်ထမ်းများ၏ လက်ကိုင်ဖုန်းသို့ အလိုအလျောက် သတင်းပေးပို့သည့်စနစ်များ တပ်ဆင်ခြင်းဖြင့် အမှိုက်သိမ်းဆည်းမှုလုပ်ငန်းစဉ်ကို ပိုမိုထိရောက်မြန်ဆန်စေသည်။ ဤကဲ့သို့ နည်းပညာနှင့် မြို့ပြစီမံခန့်ခွဲမှုကို ပေါင်းစပ်လိုက်ခြင်းဖြင့် ပန်းခြံများသည် ရိုးရှင်းသော စိမ်းလန်းဧရိယာများအဖြစ်မှ ခေတ်မီအဆင့်မြင့်သော ပြည်သူ့ဝန်ဆောင်မှုနေရာများအဖြစ်သို့ ကူးပြောင်းရောက်ရှိလာမည်ဖြစ်သည်။

သန့်ရှင်းရေးနှင့် အမှိုက်သိမ်းဆည်းမှုစနစ်

စိမ်းလန်းဧရိယာများကို အများပြည်သူအပန်းဖြေရာနေရာများအဖြစ် ဖန်တီးပြီးပါက ရေရှည်တည်တံ့ခိုင်မြဲစေရန် အတွက် အရေးကြီးဆုံးမှာ ထိန်းသိမ်းစောင့်ရှောက်ရေးပင်ဖြစ်သည်။ ဤနေရာတွင် စည်ပင်သာယာရေးအဖွဲ့များ၏အခန်းကဏ္ဍာသည် အလွန်အရေးပါလာသည်။ ပန်းခြံများ နေ့စဉ်သန့်ရှင်းသာယာလှပစေရေးအတွက် စနစ်ကျသော အမှိုက်သိမ်းဆည်းမှုစနစ်ကို မဖြစ်မနေ အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ပန်းခြံအနှံ့အပြားတွင် အမှိုက်အမျိုးအစား ခွဲခြားနိုင်သောအမှိုက်ပုံးများ (ဆွေးမြည့်လွယ်သောအမှိုက်၊ ပလတ်စတစ်၊ စက္ကူ စသည်ဖြင့်)ကို လုံလောက်စွာ ချထားပေးရန်လိုအပ်သည်။ အမှိုက်သိမ်းဆည်းမှုလုပ်ငန်းစဉ်ကို စီမံခန့်ခွဲရာတွင် အများပြည်သူ၏ ပူးပေါင်းပါဝင်မှုသည်လည်း မရှိမဖြစ်လိုအပ်သည်။ “မိမိအမှိုက် မိမိသိမ်းပါ” ၊ “ပလတ်စတစ် သုံးစွဲမှုလျှော့ချပါ” စသည့် အသိပညာပေးဆိုင်းဘုတ်များနှင့် လှုံ့ဆော်မှုများကို ပန်းခြံအတွင်း ထင်သာမြင်သာရှိသောနေရာများတွင် စိုက်ထူထားသင့်သည်။ ထို့ပြင် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ပန်းခြံအတွင်း အစားအသောက်ရောင်းချသူများကိုလည်း ကျန်းမာရေးနှင့်ညီညွတ်သော ထုပ်ပိုးပစ္စည်းများ အသုံးပြုရန် တိုက်တွန်းစည်းရုံးခြင်း၊ စည်းကမ်းသတ်မှတ်ခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ ပန်းခြံများအတွင်း စားသောက်ဆိုင်များနှင့် ဈေးဆိုင်ခန်းများ ရှိပါက ၎င်းတို့၏ အစားအသောက်ဘေးကင်း လုံခြုံရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကိုဝင်ရောက် စစ်ဆေးခြင်းဖြင့် ပြည်သူများ ယုံကြည်စိတ်ချစွာ အပန်းဖြေစားသောက်နိုင်မည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်သည်။ ဤသည်မှာ ပြည်သူ့ကျန်းမာရေးကို စောင့်ရှောက်ရာရောက်သလို စည်ပင်သာယာရေး၏ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်ကိုလည်း ပြသရာရောက်သည်။

စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများ

စိမ်းလန်းဧရိယာများကို အဆင့်မြှင့်တင်ခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးအတွက် သာမက စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများကိုပါ ရရှိစေနိုင်သည်။ စီးပွားရေးရှုထောင့်မှကြည့်လျှင် သာယာလှပသောပန်းခြံများနှင့် နီးကပ်စွာတည်ရှိသော အိမ်ရာများ၊ တိုက်ခန်းများနှင့် စီးပွားရေးလုပ်ငန်းများ၏ အိမ်ခြံမြေတန်ဖိုးသည် သိသိသာသာ မြင့်တက်လာလေ့ရှိသည်။ ၎င်းသည် အခွန်အခရငွေများကို သွယ်ဝိုက်သော နည်းဖြင့် တိုးပွားစေပြီး အဆိုပါရန်ပုံငွေများကို မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်သည်။ ထို့ပြင် ပန်းခြံများအတွင်းနှင့် အနီးတစ်ဝိုက်တွင် အသေးစားစီးပွားရေးလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းဆိုင်များ ပေါ်ပေါက်လာခြင်းကြောင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်သည်။

လူမှုရေးရှုထောင့်မှကြည့်လျှင် ပန်းခြံများသည် လူတန်းစားမရွေး၊ လူမျိုးဘာသာမရွေး လွတ်လပ်စွာ လာရောက်နိုင်သောနေရာများဖြစ်သောကြောင့် လူမှုအသိုက်အဝန်းအတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ရာတွင် အရေးပါသော ကြားခံနယ်မြေများဖြစ်လာသည်။ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ခြင်း၊ ယောဂကျင့်ခြင်း၊ တိုင်းရင်းသားရိုးရာပွဲတော်များ ကျင်းပခြင်းတို့သည် လူမှုဆက်ဆံရေးကိုခိုင်မာစေသည်။ ကလေးသူငယ်များအတွက် ဆော့ကစားရာ နေရာများထားရှိပေးခြင်းဖြင့် ကလေးများ၏ ကာယ၊ ဉာဏ ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေသည်။

ထို့ပြင် လူငယ်များအတွက် အားကစားကွင်းများ၊ စကိတ်ကွင်းများနှင့် စာကြည့်တိုက်ငယ်များ ထည့်သွင်းတည်ဆောက်ပေးခြင်းဖြင့် လူငယ်များအချိန်ကို အကျိုးရှိစွာအသုံးချနိုင်ပြီး မူးယစ်ဆေးဝါးနှင့် ဒုစရိုက်မှုများမှကင်းဝေးစေရန် ကြိုတင်ကာကွယ်ပေးနိုင်သည်။ သက်ကြီးရွယ်အိုများအတွက်လည်း ဘေးကင်းလုံခြုံသောလျှောက်လမ်းများနှင့် နားနေဆောင်များဖန်တီးပေးခြင်းဖြင့် ၎င်းတို့၏ ဘဝနေဝင်ချိန်ကို ငြိမ်းချမ်းစွာဖြတ်သန်းနိုင်စေသည်။ သို့ဖြစ်ရာ စိမ်းလန်းဧရိယာများသည် မြို့ပြနေလူထု၏ ဘဝအရည်အသွေးကို ဘက်စုံမှမြှင့်တင်ပေးသော လူမှုရေးအခြေခံအဆောက်အအုံများ ဖြစ်ကြောင်းထင်ရှားသည်။

နိုင်ငံတကာသာဓကနှင့် သင်ခန်းစာ

စိမ်းလန်းဧရိယာများကို အောင်မြင်စွာဖန်တီးနိုင်ခဲ့သော နိုင်ငံတကာသာဓကများကို လေ့လာခြင်းဖြင့် မိမိတို့နိုင်ငံ၏ မြို့ပြစီမံကိန်းများအတွက် အဖိုးတန်သောသင်ခန်းစာများကို ရယူနိုင်သည်။ တရုတ်နိုင်ငံ၏ တည်ဆောက်ဆဲစမတ်စီးတီးများတွင်လည်း ရေမြုပ်မြို့တော်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိပြီး ပန်းခြံများကို ရေလှောင်ကန်ကြီးများအဖြစ်ပါအသုံးပြုနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်။ ယင်းစီမံကိန်းများသည် ရေကြီးရေလျှံမှုကိုကာကွယ်ပေးရုံသာမက သန့်ရှင်းသောသောက်သုံးရေကိုပါ ပြန်လည်ရရှိစေသည်။ ဤနိုင်ငံတကာသာဓကများကို ကြည့်ခြင်းအားဖြင့် စိမ်းလန်းဧရိယာများဖန်တီးခြင်းသည် မြို့ပြအလှဆင်ခြင်းသက်သက်မဟုတ်ဘဲ နိုင်ငံတော်၏ မဟာဗျူဟာမြောက်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များနှင့်ပါ တိုက်ရိုက်ဆက်စပ်နေကြောင်း နားလည်သဘောပေါက်နိုင်သည်။

အချုပ်အားဖြင့်ဆိုသော် စိမ်းလန်းဧရိယာများဆိုသည်မှာ ခေတ်မီမြို့ပြများအတွက် အသက်ရှူပေါက်များဖြစ်ပြီး ပြည်သူလူထု၏ ကိုယ်စိတ်နှစ်ပါးကျန်းမာရေးအတွက် အစားထိုးမရသော ဆေးစွမ်းကောင်းများဖြစ်သည်။ အဆိုပါနေရာများကို စနစ်ကျသော မြို့ပြစီမံကိန်းများ၊ စမတ်စီးတီးနည်းပညာများ၊ ထိရောက်သော စည်ပင်သာယာရေးအုပ်ချုပ်မှုယန္တရားများနှင့် ပေါင်းစပ်လိုက်သောအခါ ပြီးပြည့်စုံသော ပြည်သူ့အပန်းဖြေရာနေရာများအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ မြို့ကြီးများ၊ အထူးသဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ပြကြီးများတွင် လူဦးရေတိုးပွားလာမှုနှင့်အတူ စိမ်းလန်းဧရိယာများ၏လိုအပ်ချက်သည် တစ်နေ့တခြား ကြီးမားလာလျက်ရှိသည်။ လက်ရှိရှိနေသောပန်းခြံများကို အဆင့်မြှင့်တင်ခြင်း၊ အသုံးမပြုသော မြေလွတ်မြေရိုင်းများကို အသေးစားပန်းခြံလေးများအဖြစ် ပြောင်းလဲခြင်းတို့ကို အချိန်ဆွဲမနေဘဲ ချက်ချင်းအကောင်အထည်ဖော်သင့်သည်။ စိမ်းလန်းဧရိယာများမှသည် ပြည်သူ့အပန်းဖြေရာ နေရာများဆီသို့ အသွင်ကူးပြောင်းရေးခရီးစဉ်တွင် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူလူထုတစ်ရပ်လုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းနှိုးဆော်အပ်သည်။ သို့မှသာ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ကျန်းမာပျော်ရွှင်၍ နေချင်စဖွယ်ကောင်းသော စံပြမြို့ပြများကို အမွေပေးခဲ့နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန် တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၁၊ ၀၆၇-၃၄၀၄၃၂၊ ၀၆၇-၃၄၀၄၃၃၃၊ ၀၆၇-၃၄၀၄၃၄၄၊ ၀၆၇-၃၄၀၄၃၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၂၂၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၂၀၁

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၃၃၄၊ ၀၉-၃၄၉၀၃၈၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၅-၄၀၂၁၂၄၅၊ ၀၅-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(ထ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးကြွမှုတင်ရေးပွဲတော်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးပြု၍ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးကြွမှုတင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးကြွမှုတင်ရေးပွဲတော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာပြခန်းများနှင့် ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် မင်္ဂလာဒုံမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊



ကျောင်းသူများက “ပညာဘဏ်တိုက်စာကြည့်တိုက်” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားပြီး စာပေဟောပြောမည့် စာရေးဆရာလင်းသိုက်ညွှန့် (မြန်မာ့မြေ)ကို ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် အခမ်းအနားအတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဦးဘိုကြည်က ကျောင်းစာကြည့်တိုက်အတွက် လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဆက်လက်၍ မင်္ဂလာဒုံမြို့နယ်အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်းမှကျောင်းသား၊ကျောင်းသူများက “ပြည်ထောင်စုရဲ့ထာဝရအလှ” သီချင်းနှင့် မင်္ဂလာဒုံမြို့နယ်အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်းမှကျောင်းသား၊ကျောင်းသူများက “အနာဂတ်လူရည်မွန်” သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်းသိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ယခုလက်ရှိ အားကောင်းသောမုန်တိုင်းငယ်ဝင်ရောက်မှု အရေးပေါ်ကယ်ဆယ်တုံ့ပြန်ရေးလုပ်ငန်းများ၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများပံ့ပိုးပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုကူညီဆောင်ရွက်



ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ယခုလက်ရှိအားကောင်းသောမုန်တိုင်းငယ် ဝင်ရောက်မှုအပေါ် အရေးပေါ်ကယ်ဆယ်တုံ့ပြန်ရေးလုပ်ငန်းများ၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မုန်တိုင်းငယ်ဝင်ရောက်မှုကြောင့် ထိခိုက်ခံစားရနိုင်သည့် ပြည်သူများအတွက် လိုအပ်သည့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှတာဝန်ရှိသူများ၊ မိတ်ဖက်ကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် အသင်းရန်ကုန်ရုံးခွဲ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် မုန်တိုင်းငယ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်အခြေအနေများအတွက် အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများကြိုတင်နေရာချထားရေး၊ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ အဆင်သင့်ဖွဲ့စည်းထားရှိရေး၊ လိုအပ်သည့် မော်တော်ယာဉ်များနှင့်လှေများကြိုတင်စီစဉ်ထားရှိရေး၊ အရေးပေါ်ခိုလှုံရာနေရာများ (Temporary Shelter) ပြင်ဆင်ထားရှိရေး၊ ဒေသတွင်းသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေး၊ အသင်းခွဲများမှ ပေးပို့လာသည့် သတင်းအချက်အလက်များအပေါ် မူတည်၍ လိုအပ်သည့်ပံ့ပိုးကူညီမှုများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးရေးနှင့် ဖြစ်ပေါ်တိုးတက်မှုများကို အချိန်နှင့်တစ်ပြေးညီသတင်းပေးပို့နိုင်ရေးတို့ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွှန့်က ဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များက လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို တင်ပြကြပြီး တက်ရောက်လာကြသည့် မိတ်ဖက်ကြက်ခြေနီအသင်းများမှ ပံ့ပိုးကူညီနိုင်မည့် ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အလုပ်အမှုဆောင်များ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူးများနှင့် လက်ထောက်အထွေထွေအတွင်းရေးမှူးများ၊ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC)၊ ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်း၊ ဂျာမနီနိုင်ငံကြက်ခြေနီအသင်း၊ ဖင်လန်နိုင်ငံကြက်ခြေနီအသင်း၊ ကိုရီးယားနိုင်ငံကြက်ခြေနီအသင်း၊ နော်ဝေနိုင်ငံကြက်ခြေနီအသင်း၊ ဗြိတိန်နိုင်ငံကြက်ခြေနီအသင်း၊ ဩစတြေးလျနိုင်ငံကြက်ခြေနီအသင်းနှင့် ဂျပန်နိုင်ငံကြက်ခြေနီအသင်းတို့မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)



ပဲခူးမြို့နယ် ကလိကျေးရွာတွင်းရှိ ထီးချသစ်သားတံတား တံတားကြမ်းခင်းနှင့် လက်ရန်းများပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းကြည့်ရှု

ပဲခူး စက်တင်ဘာ ၂၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် ယနေ့တွင်တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့နယ် ကလိကျေးရွာတွင်းရှိ ထီးချသစ်သားတံတား တံတားကြမ်းခင်းနှင့် လက်ရန်းများပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်ဦးထွန်းဝေသည် ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးခရိုင်ဦးစီးမှူး၊ ပဲခူးမြို့နယ်ဦးစီးမှူးတို့နှင့်အတူ ပဲခူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကလိကျေးရွာတွင်းလမ်းပေါ်ရှိ ထီးချသစ်သားတံတား တံတားကြမ်းခင်းနှင့် လက်ရန်းများပြန်လည်ပြုပြင်နိုင်ရန် အခြေအနေအား ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန်နှင့် အဆိုပါလုပ်ငန်း၏ နည်းပညာဆိုင်ရာ လိုအပ်ချက်များအား ပြောကြားခဲ့သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုပြီးစီးပါက ကျေးရွာအတွင်းရှိ အိမ်ခြေ ၆၀၂ အိမ်၊ လူဦးရေ ၂၉၀၅ ဦးတို့အားအကျိုးပြုမည်ဖြစ်ပါကြောင်း သိရသည်။

(၄၁၀)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၉-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	တာချီလိတ်	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၄၅၀	၄၆၀၅	၄၇၀၅	၄၄၆၅	၄၆၂၀	၄၆၂၅	၄၆၅၅	၄၇၀၅	၄၉၀၅	၄၉၀၅	၄၇၀၅	၄၆၀၅	၄၆၀၅	၄၆၀၅	၄၆၀၅	၄၄၆၅
95 Ron	၄၆၀၀	၄၇၀၅	၄၇၀၅	၄၆၀၅	၄၇၀၅	၄၇၀၀	၄၆၀၅	၅၀၀၅	၅၀၀၅	၅၀၀၅	၄၇၀၅	၄၇၀၅	၄၇၀၅	၄၇၀၅	၄၇၀၅	၄၇၀၅
HSD (500 ppm)	၄၇၉၀	၄၉၄၀	၄၈၉၅	၄၈၀၅	၄၉၄၅	၄၉၆၀	၄၉၉၀	၄၈၀၅	-	၅၂၀၅	၄၈၉၅	၅၄၄၅	၄၉၀၀	၄၉၄၀	၄၉၅၀	၅၁၀၀
HSD (50 ppm)	၅၀၉၅	၅၂၄၀	၅၂၀၀	၅၀၁၀	၅၂၄၅	၅၂၉၀	၅၀၀၅	၅၀၈၀	၅၂၅၀	၅၂၈၀	၅၂၀၀	၅၀၂၀	၅၂၉၅	၅၂၄၀	၅၂၆၀	၅၁၉၀
HSD (10 ppm)	၅၀၉၅	၅၂၄၀	၅၂၀၀	၅၀၁၀	၅၂၄၅	၅၂၉၀	၅၀၀၅	၅၀၈၀		၅၂၈၀	၅၂၀၀	၅၀၂၀	၅၂၉၅	၅၂၄၀	၅၂၆၀	၅၁၉၀

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၂၂၀	၄၃၄၇
95 Ron	၄၄၇၅	၄၄၉၆
HSD (500 ppm)	၄၆၇၅	၄၆၉၆
HSD (50 ppm)	၅၀၃၂	၅၀၄၃
HSD (10 ppm)	၅၀၃၂	၅၀၄၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

(၁၂) ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှုဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ စက်တင်ဘာလ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပသည့် (၁၂) ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖိုရမ် (XII Saint Petersburg International United Cultures Forum) သို့ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။



စက်တင်ဘာလ ၂၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကတ်သရင်း နန်းတော်ပြတိုက်သို့ သွားရောက်လေ့လာခဲ့သည်။

ထို့အတူ စက်တင်ဘာလ ၂၅ ရက် နံနက်ပိုင်း ဖိုရမ်တွင် မြန်မာနိုင်ငံ၌ လွန်ခဲ့သော နှစ်ပေါင်းသန်း ၄၀ ကတွေ့ရှိခဲ့သည့် ပရိုင်းမိတ်များအား ယဉ်ကျေးမှုအမွေအနှစ် ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ မြန်မာ-ရုရှား နှစ်နိုင်ငံယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ အနာဂတ်လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုအမွေအနှစ်သည် အဓိကအခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်မှုတို့ကို တက်ရောက်ဆွေးနွေးသည်။

ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင် တက်ရောက်အမှာစကားပြောကြားသည့်အခမ်းအနားသို့ ဖိတ်ကြားထားသည့်နိုင်ငံများမှ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ပါဝင်တက်ရောက်ခဲ့သည်။

ထို့ပြင်ပြည်ထောင်စုဝန်ကြီးသည် ရုရှားသတင်းဌာနများ၏ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားခဲ့သည်။

စက်တင်ဘာလ ၂၆ ရက်နံနက်ပိုင်းတွင် ဖိုရမ်အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များအား ဂုဏ်ပြုဆုပေးအပ်ပွဲသို့ တက်ရောက်ခဲ့သည်။

ထို့ပြင် ရုရှားသတင်းဌာနများ၏ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားခြင်း၊ ကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်များတွင်လည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

စက်တင်ဘာလ ၂၈ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြဝတီ

အဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို အိမ်ရှင်အဖြစ်အောင်မြင်စွာကျင်းပပြီးစီး



နေပြည်တော် စက်တင်ဘာ ၂၉

အဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်ဦးဆောင်၍ ဝန်ကြီးဌာန ၁၉ ခုမှ ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ပါတီကော်မတီအမြဲတမ်းကော်မတီဝင် မစ္စတာ ကျောက်ကျင့်မင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဖိုရမ်ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ဆက်ဆံရေးသည် တရုတ်-မြန်မာနှစ်နိုင်ငံ "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေး၏ ရှေ့တန်းအခြေခံအုတ်မြစ် (Frontline Foundation of broader China–Myanmar "Pauk-Phaw" Friendship) ဖြစ်ကြောင်း၊ ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် ကီလိုမီတာ ၂၀၀၀ ခန့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် တစ်ခုတည်းသောပြည်နယ်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုစုစုပေါင်း၏ ထက်ဝက်ကျော်ကိုလွှမ်းမိုးထားကာ နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်လျက်ရှိကြောင်း၊ ယခုကျင်းပသည့် အဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်မှ တစ်ဆင့် အပြန်အလှန် အကျိုးကျေးဇူးများဖြစ်ထွန်းစေမည့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်ရေး၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခြွင့်တင်ရေးနှင့် ယူနန်ဖိုရမ်ယန္တရားအောက်မှ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရေး တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့လိုက်ဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။ မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်က အဖွဲ့(၁)ကိုလည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်က အဖွဲ့(၂) ကိုလည်းကောင်း ဦးဆောင်သူများအဖြစ် ဆွေးနွေးခဲ့ကြပြီး တရုတ်ဘက်မှ ယူနန်ပြည်နယ် ပါတီကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်ပါတီကော်မတီ ပြန်ကြားရေးဌာနမှ ကိုယ်စားလှယ်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အဖွဲ့လိုက်ဆွေးနွေးမှုများတွင် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ ပူးပေါင်းတိုက်ဖျက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်အပြန်အလှန် ချိတ်ဆက်မှုများမြှင့်တင်ရေး၊ ယူနန်ပြည်နယ်နှင့် လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲရေး၊ စက်မှုနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးနှင့် ချစ်ကြည်ရေး ညီအစ်မမြို့များ အကြား အနှစ်သာရပြည့်ဝသည့် အပြန်အလှန်လည်ပတ်မှုနှင့် ဖလှယ်ရေးအစီအစဉ်များကို တိုးမြှင့်ဖော်ဆောင်ရေးကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့ကြသည်။

အဖွဲ့လိုက်ဆွေးနွေးမှုများအပြီးတွင် မျက်နှာစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ အဖွဲ့ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးပွဲရလဒ်များကို အကျဉ်းချုပ်တင်ပြပြီး မြန်မာဘက်မှ ကိုယ်စားလှယ်ခေါင်းဆောင်ဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ဘက်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီဝင်တို့သည် ဖိုရမ်ဆိုင်ရာအစည်းအဝေးမှတ်တမ်း (Agreed Minutes) ကို နှစ်ဖက် လက်မှတ်ရေးထိုးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးက တရုတ်(ယူနန်) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မစ္စတာကျောက်ကျင့်မင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၃ ခုနှစ် မှစတင်၍ မြန်မာနိုင်ငံနှင့်ယူနန်ပြည်နယ်တို့တွင် အလှည့်ကျ ကျင်းပလာခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့အကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးနှင့်ဒေသတွင်းချိတ်ဆက်မှုပိုမိုနက်ရှိုင်းစေရေးနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ပေါင်းစည်းမှု မြှင့်တင်ရေးတို့အပြင် ပူးပေါင်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဖြေရှင်းနိုင်ရန် ကျင်းပလေ့ရှိသည့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

မြဝတီ

မန္တလေးလျင်ကြီးကြောင့်ပျက်စီးခဲ့သည့် နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများ ယခုနှစ် ဒီဇင်ဘာလကုန်တွင် အရည်အသွေး ပြည့်မီစွာပြီးစီးရေး မှာကြား

နေပြည်တော် စက်တင်ဘာ ၂၉

နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပျက်စီးမှု (အနီရောင်အဆင့်) နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီဝင် နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် (အကွက်ကြီး-၁)ရှိ တိုက်အမှတ်(၁၂၀၈)၊ တိုက်အမှတ်(၁၃၇၇)၊ ဗလသိဒ္ဓိရပ်ကွက်(အကွက်ကြီး-၂၂)ရှိ တိုက်အမှတ်(၂၂၁၂) နှင့် သုခသိဒ္ဓိရပ်ကွက်(အကွက်ကြီး-၄) ရှိ တိုက်အမှတ် (၄၃၈၀)တို့သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အနီရောင်အဆင့် အရာထမ်း၊ အမှုထမ်း ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှု၊ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးလျင်ကြီးကြောင့်ပျက်စီးခဲ့သည့် အနီရောင်အဆင့် နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်၍ တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာပြီးစီးရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန်၊ ဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများ ယုံကြည်စိတ်ချစွာနေထိုင်နိုင်ရေး တည်ဆောက်ရေးကုမ္ပဏီများနှင့် QA/QC အဖွဲ့များက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးတက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်ထည့်သွင်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၉-၂၀၂၆ ရက်နေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ (၁၅)ပါ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့်မြန်မာနိုင်ငံအမှန်တရားနှင့်တရားမျှတသော အမျိုးသားပါတီ (MNTJP /MNDAA)တို့ တွေ့ဆုံဆွေးနွေးသတင်းကော်လံ (၆)ပထမအပိုဒ် စာကြောင်းရေ (၇)တွင် **အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများတိုက်ဖျက်ရေး၊ တားဆီးနှိမ်နင်းရေးတို့အတွက် နှစ်ဖက်ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(စာတည်းအဖွဲ့)

သင်မလိုသောမီးကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများအလင်းရပါစေ။

လှည်းကူးမြို့နယ်နှင့် ခရမ်းမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၉

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိချမ်းမြေ့ဂုဏ်ဝေ ဝိပဿနာရိပ်သာကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၁၃၉ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ခရမ်းမြို့နယ်၊ ကန်ညီနောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိသာသနာ့ဟိတကျောင်းတိုက်၌ အခြေပြု၍ သံဃာတော် ၂ ပါး၊ ဒေသခံပြည်သူ ၁၁၀ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသွားရောက်လေ့လာ



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့် အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင်ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရွေးစုမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ရင်တွင်းစကားသံများကိုလည်း အခုလိုပဲကြားသိခဲ့ရပါတယ်-





"ကျွန်မတို့ကတော့ တပ်ကုန်းမြို့နယ် အထက(ခွဲ)ရွေးစုကျောင်းက ဒီစစ်သမိုင်းပြတိုက်ကို လေ့လာရေးလာခဲ့တာပါရှင်၊ တပ်မတော်စစ်သမိုင်းပြတိုက်ကို ကျွန်မတို့လေ့လာတဲ့အခါကျတော့ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ် အကြောင်းတွေ၊ နောက်တစ်ခါ ကျွန်မတို့မသိသေးတဲ့အချက်အလက်တွေလည်း ကျွန်မတို့ သိခွင့်ရရှိခဲ့တယ်ရှင့်။ ကျွန်မတို့ ဒီကိုလေ့လာရေးလာခဲ့တဲ့အခါမှာ ကျွန်မတို့ကို အစစအရာရာ ဝိုင်းဝန်းကူညီပံ့ပိုးကြတဲ့ ဌာနဆိုင်ရာအကြီးအကဲတွေ၊ နောက်တစ်ခါ ဝန်ထမ်းတွေအားလုံး၊ တာဝန်ရှိသူတွေအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်ရှင်"ဟုပြောသည်။

"အခု စစ်သမိုင်းပြတိုက်ကို သမီးတို့အနေနဲ့ ကြည်းတပ်ကို လေ့လာပြီးပြီပဲဖြစ်ပါတယ်။ ကြည်းတပ်မှာဆိုရင် မြန်မာ့လွတ်လပ်ရေးရရှိဖို့ ကြိုးပမ်းခဲ့တဲ့ ဆောင်ရွက်ချက်တွေရယ် သူတို့အသုံးပြုခဲ့တဲ့ပစ္စည်းတွေရယ် ပြီးတော့ ရှေးအစဉ်အဆက်ကနေအခု သမီးတို့ မြန်မာနိုင်ငံအတွက် ကြိုးပမ်းခဲ့ကြတဲ့သူတွေရဲ့ လုပ်ဆောင်ချက်တွေကိုလည်း သိရှိခဲ့ရတယ်။ သူတို့ အသုံးပြုခဲ့တဲ့ စစ်လက်နက်တွေကိုလည်း တွေ့ရှိခဲ့ရတယ်။ အခုလို စစ်သမိုင်းပြတိုက်ကိုလေ့လာဖို့အတွက်ပို့ဆောင်ပေးခဲ့ကြတဲ့ ဆရာ၊ ဆရာမတွေနဲ့ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးအများကြီးတင်ပါတယ် "ဟုပြောသည်။ (၁၀၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



➨ ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံသားစိစစ်ပြီးသူ (၁၄၇၆) ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် တပ်မတော် (ရေ)မှ စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်)နှင့် စစ်ရေယာဉ် (ဆင်ဖြူရှင်) တို့သည် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းသို့ စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံသားများကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး (ကြည်း၊ ရေ၊ လေ) တို့အနေဖြင့် မလေးရှားနိုင်ငံလူဝင်မှုကြီးကြပ်ရေး ဌာနတာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံခဲ့ပြီး စစ်ရေယာဉ်များသည် စက်တင်ဘာလ ၂၉ ရက် ညပိုင်းတွင် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာကြောင်း သတင်းရရှိသည်။

မြဝတီ

✦ ကျောဖုံးမှအဆက်

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိုးဝေးဖေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများကအောင်သပြေခက်များ၊ အောင်ပန်းကုံးများ ကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူတစ်ဦးက အောင်ပွဲရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

မြစ်ကြီးနားမြို့ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

မြစ်ကြီးနား စက်တင်ဘာ ၂၉

နယ်စပ်ဒေသများရှိတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝနှင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်နယ်၊ ပြည်မ အကြားအလပ်မရှိစဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများတွင် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အလားတူ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့မှုများကို ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့က မြစ်ကြီးနားမြို့ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။ အဆိုပါထောက်ပံ့ပေးအပ်ပွဲကို မြစ်ကြီးနားမြို့ မနော ရွှေပြည်ခန်းမ၌ကျင်းပခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ယာယီနေရပ်စွန့်ခွာပြည်သူများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပြီး တိုင်းရင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကား ပြောကြားသည်။

ထို့ပြင် တက်ရောက်လာသူများ၏ အခက်အခဲတင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၂၉

ယနေ့မွန်းလွဲ ၁ နာရီ၅၇ မိနစ် ၀၄ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(အောင်မြေသာစံမြို့နယ်၏ အနောက်-အနောက်မြောက်ဘက် ၂ မိုင်ခန့် အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၆ ဒီဂရီ၊ အနက် ၁၂ကီလိုမီတာကိုဗဟိုပြု၍ပမာဏ ၃ ဒသမ ၆ (M)အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အချက်အလက်များအရ ကမ္ဘာတစ်ဝန်းရှိ နှလုံးနှင့် သွေးကြောရောဂါများကြောင့် နှစ်စဉ်လူဦးရေ ၁၉ ဒသမ ၈ သန်းကျော် သေဆုံးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၉

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အချက်အလက်များအရ ကမ္ဘာတစ်ဝန်းရှိ နှလုံးနှင့် သွေးကြောရောဂါများကြောင့် နှစ်စဉ်လူဦးရေ ၁၉ ဒသမ ၈ သန်းကျော် သေဆုံးနေရပြီး အဆိုပါသေဆုံးမှုများ၏ ၈၅ ရာခိုင်နှုန်းမှာ နှလုံးသွေးကြောပိတ်ခြင်းကြောင့် ရုတ်တရက်နှလုံးရပ်၍ သေဆုံးခြင်းနှင့် ဦးနှောက်သွေးကြောပိတ်ခြင်းကြောင့်လည်းကောင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းကြောင့်လည်းကောင်း၊ လေဖြတ်ခြင်းကြောင့်လည်းကောင်း သေဆုံးနေရခြင်းဖြစ်ကြောင်း ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) Meeting Hall ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် “ကမ္ဘာ့နှလုံးကျန်းမာရေးနေ့” အခမ်းအနားမှသိရသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်က ကောက်ယူခဲ့သည့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားစေသည့် အကြောင်းရင်းများကို ကောက်ယူသည့်စစ်တမ်း (STEPS Survey) အရ အရွယ်ရောက်သူ ၂၄ ဒသမ ၄ ရာခိုင်နှုန်းတွင် သွေးတိုးရောဂါရှိကြောင်း အသက် ၄၀ နှစ်မှ ၆၉ နှစ်အရွယ်များတွင် နှလုံးနှင့် သွေးကြောရောဂါရှိသူ ၁၃ ဒသမ ၄ ရာခိုင်နှုန်းရှိနေသည့်အပြင် လာမည့် ၁၀ နှစ်အတွင်း နှလုံးနှင့် သွေးကြောရောဂါဖြစ်လာနိုင်ခြေ ၂၀ ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း၊ ယခု ၂၀၂၆ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့် “Don’t Miss A Beat” ဖြစ်ပြီး “နှလုံးခုန်သံတိုင်းကို သတိပြုလို့၊ နှလုံးကျန်းမာရေး ဂရုစိုက်စို့” ဟု မြန်မာလိုဘာသာပြန်ဆိုထားပါကြောင်း။

နှလုံးကျန်းမာရေးသည် အလွန်အရေးကြီးသည့်အတွက် နှလုံးရောဂါ၏လက္ခဏာများကို မလွတ်စေဘဲ စောစီးစွာသတိပြုခြင်း၊ စစ်ဆေးကုသခြင်းနှင့် နှလုံးကျန်းမာရေးကိုဂရုစိုက်ရန် တိုက်တွန်းသော အသိပညာပေးသတင်းစကား ဖြစ်ကြောင်း၊ မကူးစက်နိုင်သောရောဂါများအတွက် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်မှာ နှလုံးနှင့် သွေးကြောရောဂါများ၊ ကင်ဆာရောဂါများ၊ ဆီးချိုရောဂါနှင့် နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကြောင့် အသက် ၃၀ မှ ၇၀ နှစ်အတွင်း အချိန်မတန်မီသေဆုံးမှုကို သုံးပုံတစ်ပုံလျှော့ချရန် ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာများ စားသုံးခြင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများသုံးစွဲမှုနှင့် အရက်အလွန်အကျွံ သောက်သုံးမှုကိုရှောင်ကြဉ်ခြင်း၊ သင့်တင့်သော ကိုယ်လက်လှုပ်ရှားအားကစားပုံမှန်ပြုလုပ်ခြင်း၊ စိတ်ဖိစီးမှုနည်းနိုင်သမျှနည်းအောင် ပြုမူနေထိုင်ခြင်းတို့ဖြင့် နှလုံးနှင့် သွေးကြောရောဂါများဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်ကြောင်း ပြောကြားသည်။



၂၀၂၆ ခုနှစ် “ကမ္ဘာ့နှလုံးကျန်းမာရေးနေ့” အထိမ်းအမှတ်အဖြစ် နေပြည်တော်ပြည်သူ့ဆေးရုံကြီး၌ ယနေ့ နံနက် ၁၀း၀၀ နာရီတွင် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လူဦးရေ ၃၀၀၊ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် လူဦးရေ ၂၅၀ နှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် လူဦးရေ ၂၅၇ ဦးတို့ကို AI ECG vest တပ်ဆင်ပေးခဲ့ပြီး နှလုံးကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ကျင်းပ

မုံရွာ စက်တင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၆)ကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးအတွင်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများအား တာဝန်ယူဆောင်ရွက်နေသည့် ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း နယ်စပ်ဒေသလူမျိုးများ အမှန်တကယ် အကျိုးရှိမည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးမှုများနှင့် ဆပ်ကော်မတီအတွင်း ရေးလုပ်ငန်းများအား စိစစ်ရွေးချယ်၍ စနစ်တကျကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက ပြောကြားသည်။



ဆက်လက်၍ ကော်မတီအတွင်းရေးမှူးများက တိုင်းဒေသကြီးအတွင်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းများ၊ ဘဏ္ဍာရေးနှစ်အလိုက်ဆောင်ရွက်နေမှု လုပ်ငန်းအခြေအနေများနှင့်ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရှမ်းပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တွေ့ဆုံ၊ လမင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနေမှုများအား ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၂၉

လူဦးရေစာရင်းများပြုစုရာတွင် မြို့နယ်ဦးစီးမှူးရုံးများရှိအိမ်ထောင်စုလူဦးရေစာရင်းကို အခြေခံပြုစုရသည့်အတွက် အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များမှန်ကန်ရန်လိုအပ်ကြောင်း၊ လူဦးရေအတိုးအလျော့၊ ပြောင်းဝင်ပြောင်းထွက်၊ သေဆုံးပယ်ဖျက် စာရင်းများကို သတ်မှတ်ချက်နှင့်အညီ ကာယကံရှင်က ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ ကော်မတီအဆင့်ဆင့်ကလည်း သက်ဆိုင်ရာရုံးများသို့ အသိပေးဆောင်ရွက်နိုင်ရေးနှိုးဆော်ကာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ဆွေးနွေးပြောကြားသည်။



ထို့အတူ ရှမ်းပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌပြည်နယ်ဝန်ကြီးချုပ်ဦးစိုင်းထိန်စိုးက ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဆင့်ဆင့်နှင့် မြေပြင်တစ်အိမ်တက် ဆင်းကွင်းဆင်းကောက်ယူရေးအဖွဲ့များဖွဲ့စည်းထားရှိမှုနှင့်ဗဟိုကော်မတီ ၏ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ အသီးသီး ရှင်းလင်းဆွေးနွေး တင်ပြကြပြီး ရှမ်းပြည်နယ် လွတ်တော်ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ် ဦးစီးမှူးရုံးသို့သွားရောက်၍ရုံးအဝင်၌ ဧည့်ကြိုကောင်တာထားရှိဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီးမြို့နယ်ရုံးအတွင်း၌ဝန်ထမ်းများက ဒေသခံပြည်သူများအား လမင်းစီမံချက်ဖြင့်အိမ်ထောင်စုလူဦးရေစာရင်းပြောင်းဝင်ပြောင်းထွက်နှင့်မွေးဖွားမှုသေဆုံးမှုတို့အတွက်လူဦးရေအတိုးအလျော့လုပ်ငန်းစဉ်များ၊ အသက် ၁၈ နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့်နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများ၊ နိုင်ငံသားကတ်ပြားပျက်စီး၊ ပျောက်ဆုံးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးရေးနှင့် UID ကတ် ကောက်ယူမှုလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် လမင်းစီမံချက်ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်တို့ကို ကာယကံရှင်တစ်ဦးချင်းထံ ပေးအပ်ကြပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအားဖယ်ရှားရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက်ညပိုင်းတွင်မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ၆ ပေ ၉ လက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ၇ ပေ ၁၁ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၉ ပေ ၃ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၆ ပေ ၇ လက်မခန့်နှင့် ကျောင်းကုန်းမြို့နယ်အတွင်း ၆ ပေ ၃ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ် မြေ ခံ တပ် မ တော် သား များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းခဲ့သည့် နေရာများ၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

■ ကျောဖုံးမှအဆက်

နေရာအချို့တွင်လည်းရေကျော်ခြင်းများ ဖြစ်ပွားလျက်ရှိပြီး မော်တော်ယာဉ်များ သွားလာနိုင်ခြင်းမရှိကြောင်း သိရှိရသည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်သည့်မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာအချို့ရှိ ရေဘေးသင့်ပြည်သူများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းခဲ့သည့် နေရာများ၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည့် သရက်ချောင်းမြို့နယ်၊ ထားဝယ်မြို့နယ်နှင့် ပလောက်မြို့နယ်တို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာတို့တွင်လည်း ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ရေပြန်လည်ကျဆင်းသွားသည့် နေရာများတွင် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့စဉ် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ် မြေ ခံ တပ် မ တော် သား များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကူညီရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၉

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/၈၆)**

လေ့လာဆန်းစစ်မှုမှရရှိလာသည့်အချက်အလက်များကိုအသုံးချကာ ကဏ္ဍအလိုက် အားနည်းချက်များကိုပြုပြင်၍ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မှာကြား



နေပြည်တော် စက်တင်ဘာ ၂၉

လေ့လာဆန်းစစ်မှုမှ ရရှိလာသည့်အချက်အလက်များကိုအသုံးချကာ ကဏ္ဍအလိုက် အားနည်းချက်များကိုပြုပြင်၍ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းတွင်နေပြည်တော်ရုံးအမှတ် (၁၃)အစည်းအဝေးခန်းမ၌ပညာရေးဝန်ကြီးဌာန၏ ရက်(၁၀၀)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းစာအုပ်များဖြန့်ဝေခြင်းအခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က အမှာစကားပြောကြားစဉ် ယင်းသို့ ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ အစိုးရသစ်တာဝန်ယူပြီးကာလမှစ၍ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာနှင့်သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုများကို သုတေသနနှင့် လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ခဲ့ပြီး ထွက်ပေါ်လာသော ရလဒ်များကို စုစည်း၍ အစီရင်ခံစာ(Report)များ ရေးသားပြီးစီးခဲ့ပါကြောင်း၊ အဆိုပါ အစီရင်ခံစာ (Report)များတွင် ဖော်ပြထားသော အားသာချက်၊ အားနည်းချက်၊ သုံးသပ်ချက်၊ တွေ့ရှိချက်များပေါ်တွင် အခြေခံ၍ သက်ဆိုင်ရာဦးစီးဌာနများက ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာဦးစီးဌာနများအလိုက် ရက် (၁၀၀) အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းစာအုပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

တွံတေးမြို့နယ်ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာကို အကျဉ်းကျခံရပြီး HIV(+) ပိုးရှိသည့် အမျိုးသမီးများအား လက်ခံစောင့်ရှောက်သည့် အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာနအဖြစ် စတင်ဖွင့်လှစ်ခဲ့



ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာကို လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့ ပူးပေါင်း၍ အကျဉ်းထောင်များတွင် အကျဉ်းကျခံရပြီး HIV(+) ပိုးရှိသည့်အမျိုးသမီးများအား လက်ခံစောင့်ရှောက်ရန် အတွက်ရည်ရွယ်၍ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာနအဖြစ် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၅ ရက်တွင် အကျဉ်းဦးစီးဌာနမှ ပေးပို့သော သင်တန်းသူ ၂၅ ဦးဖြင့်စတင်ဖွင့်လှစ်ခဲ့ကြောင်း အဆိုပါစင်တာမှ သိရသည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ် မေလ ၁၆ ရက်မှစ၍ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာနမှ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနအဖြစ် အမည်ပြောင်းလဲခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁ ရက်မှစ၍ အမျိုးသမီးရေးရာဝန်ကြီးဌာနလက်အောက်သို့ လွှဲပြောင်းပေးပြီး အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ အမည်သို့ပြောင်းလဲခဲ့ကြောင်း သိရသည်။

အဆိုပါစင်တာ၏ စာကြည့်တိုက်၊ သင်တန်းသူများ အသက်မွေးဝမ်းကျောင်းသင်ကြားနေမှုသင်တန်းသူအိပ်ဆောင်များကို ယနေ့တွင် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များမှာကြားသည်။

ထို့သို့ သွားရောက်စဉ် ဝန်ထမ်းများ၊သင်တန်းသူများကိုရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့မှုများနှင့် သင်တန်းသူများ၊ဝန်ထမ်းများအတွက်နှစ်ရက်တာစားစရိတ်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြဝတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄˚C	/	၃၃˚C
ရန်ကုန်	၂၂˚C	/	၃၁˚C
မန္တလေး	၂၅˚C	/	၃၅˚C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဗိုးတန်ရေချိုကို ချွေတာကြပါစို့

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်းဆောင်ရွက်သည့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂) ၌ ကျင်းပပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိဝန်ထမ်းများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးခေါင်းဆောင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှအဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင်ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အဂတိလိုက်စားမှုသည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအုပ်ချုပ်ရေးစနစ် ထိရောက်မှုနှင့် ပြည်သူများ၏အိုးရအပေါ်ယုံကြည်မှုတို့ကို ထိခိုက်စေနိုင်သောအရေးကြီးသည့်ပြဿနာတစ်ရပ်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် လူတိုင်းလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းဖြင့် အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အလားတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဦးစိုးသိန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တားဆီးကာကွယ်ရေးနှင့်အသိပညာပေးရေးအစီအစဉ်များကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊အရပ်တက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တစ်နိုင်ငံလုံးပျံ့နှံ့စေရန် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊လူငယ်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး အခြေခံကောင်းများ လက်ဆင့်ကမ်း သင်ကြားပြသပေးရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများကို ထပ်ဆင့်မျှဝေပေးကြရန်လိုအပ်ပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

Digital Economy ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၉

Digital Economy ဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Digital Economy Roadmap 2030 ပါ Action Plans အပေါ် ဆောင်ရွက်ထားရှိမှုများကို ပုံမှန်သုံးသပ်၍ သတ်မှတ်ထားသည့် ရည်မှန်းချက်၊ အချိန်ကာလ၊ တိုင်းတာနိုင်သည့် အညွှန်းကိန်းများနှင့် ရလဒ်အပေါ် အခြေခံ၍ ဆောင်ရွက်ရန်နှင့် ဒီဂျစ်တယ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကောက်ယူထားသည့် စစ်တမ်းရလဒ်များအား သုံးသပ်၍ Digital Skills Roadmap ရေးဆွဲခြင်းနှင့် ကျွမ်းကျင်မှုအဆင့်အလိုက်သင်တန်းများကို လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီစွာ စနစ်တကျဖွင့်လှစ်နိုင်ရေး သင်တန်းအစီအစဉ်များချမှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်းယနေ့ တင်ရေးနှင့် e-Government မှ Digital Government သို့ အသွင်ကူးပြောင်းရေးတို့ကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ (၂/၂၀၂၆) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ထို့ပြင် MSME လုပ်ငန်းများ၏ ဒီဂျစ်တယ်နည်းပညာ အသုံးချမှုမြှင့်တင်ရေးနှင့် e-Government မှ Digital Government သို့ အသွင်ကူးပြောင်းရေးတို့ကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဌာနမှ ဒေါက်တာနေခြည်လွဲလွဲသိန်းက ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူးက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များနှင့် တာဝန်ရှိသူများက Roadmap 2030 ပါ Action Plans များအရ ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်ယည့် ICT နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် Roadmap 2030 ပါ Action Plans များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ Digital Transformation နှင့် Digital Economy ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

▼ ကျောဖုံးမှအဆက်

ဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် ၃၄ မိနစ်တွင် ကောင်းခန့်ဟိန်းက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူသွားသည်။ သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်သော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပထမပိုင်းအပြီးတွင်ရှမ်းယူနိုက်တက် အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ပွဲကို ဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် နှစ်ဖက်အပြန်အလှန်ယှဉ်ပြိုင်ရင်း ပွဲကစားချိန် ၈၄ မိနစ်တွင် စစ်ကိုင်းယူနိုက်တက် ဂိုးသမား အရှေ့ရောက်နေမှုကို အခွင့်အရေးရယူပြီး ကောင်းခန့်ဟိန်းက ဒုတိယဂိုးသွင်းယူခဲ့ကာ ပွဲကစားချိန် ၈၇ မိနစ်တွင် သူရက ခေါင်းတိုက်သွင်း၍ တတိယဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ရှမ်းယူနိုက်တက် အသင်းက စစ်ကိုင်းယူနိုက်တက် အသင်းကို ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ထို့အတူ ဗဟန်းကွင်း၌ မြဝတီ အသင်းနှင့် Falcon အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Falcon အသင်းက ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **ဝန်းရံခ**

ပြင်သစ်အသင်း ဘယ်လ်ဂျီယံအသင်းကိုအနိုင်ရ



ရန်ကုန် စက်တင်ဘာ ၂၉

UEFA Nations League A Group(1) ဒုတိယမြောက်ပွဲစဉ်ဖြစ်သော ဘယ်လ်ဂျီယံအသင်းနှင့် ပြင်သစ်အသင်းတို့ ယနေ့နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြရာ ပြင်သစ်အသင်းက ဘယ်လ်ဂျီယံအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်တိုက်စစ်ဆင် ကစားခဲ့ကြသော်လည်း နှစ်ဖက် အသင်းမှ ကစားသမားများက ရရှိလာသည့်အခွင့်အရေးများကိုအသုံးချနိုင်ခြင်းမရှိ၍ ပထမပိုင်းပွဲကစားချိန်ပြီးဆုံးချိန်တွင် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းပွဲကစားချိန်ပြန်လည် စတင်ချိန်တွင် ပြင်သစ်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့သည်လူစား ဝင်အပြောင်းအလဲပြုလုပ်ခဲ့ကြပြီး တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန် တိုက်စစ်မြှင့်ကစားကြသော်လည်း ၆၆ မိနစ်တွင် ပြင်သစ်အသင်းက ဂိုးသွင်းယူနိုင်ခြင်းမရှိပေ။ ပြင်သစ်အသင်းအတွက် အဖိုးတန်အနိုင်ဂိုးကို ပွဲကစားချိန် ၈၈ မိနစ်တွင်ရာရန်ချာကီဖန်တီးပေးသောဘောလုံးကို မီခေအိုလီစီက ကောင်းမွန်သောအဆုံးသတ်ဖြင့် အနိုင်ဂိုးသွင်းယူခဲ့ရာ ပွဲပြီးဆုံးချိန်တွင် ပြင်သစ်အသင်းက ဘယ်လ်ဂျီယံအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်အသင်းသည် UEFA Nations League A Group(1) တတိယမြောက် ပွဲစဉ်အဖြစ် အောက်တိုဘာလ ၃ ရက်တွင် အီတလီအသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ZMO

မြဝတီမြို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အလယ်တန်းအဆင့် သခ်ၤာစွမ်းရည်၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများကျင်းပ

မြဝတီ စက်တင်ဘာ ၂၉

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ယနေ့နံနက် ၁၀ နာရီတွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အလယ်တန်းအဆင့် သခ်ၤာစွမ်းရည်ပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများကို ကျင်းပသည်။

အဆိုပါပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်ပညာရေးမှူး ဦးမိုးကျော်၏စီစဉ်ကြီးကြပ်မှုဖြင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအုန်းမြင့် ကြီးကြပ်၍ ဆရာ၊ ဆရာမများက ပူးပေါင်းမှုဖြင့် ကျင်းပခဲ့ရာ သခ်ၤာစွမ်းရည်ပြိုင်ပွဲ၌ မြဝတီမြို့ရှိ အလယ်တန်းအဆင့် ကျောင်းသား ၆၅ ဦး၊ ကျောင်းသူ ၆၅ ဦး စုစုပေါင်း ၁၃၀ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် မြဝတီမြို့ရှိ အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၆၅ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

၂၀၂၆ -၂၀၂၇ ပညာသင်နှစ် အင်္ဂလိပ်စာ၊ သခ်ၤာစွမ်းရည် ကျောင်းတွင်းပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်အဆင့် ပြိုင်ပွဲ၌ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(၄၀၆)

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ဟိုပုံး စက်တင်ဘာ ၂၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယမန်နေ့က တာဝန်ရှိသူများသည် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော်ရုံးချုပ် အင်ဂျင်နီယာချုပ် (တံတားတည်ဆောက်ရေး) ဦးကျော်ထွေး၊ ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းဆွေ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အဖွဲ့ဝင်



ဦးခွန်ညိုမောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ကြွယ်ကြွယ်ဝင်းနှင့် တာဝန်ရှိသူတို့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၃၂၂ ဒသမ ၅၂၄ သန်းဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုလမ်းမမှ ပွတ်ရေခေါက်-ဟိုဆင်-ပွတ်လုံ-ဖက်ရမ်းလေး-ဖက်ရမ်းကြီး-ဒုံလိတန်-ဟိုနွဲ့-ဆီဟိုးလမ်း ကတ္တရာခင်းခြင်းနှင့် ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၄၈၀ ဖြင့် ဆောင်ရွက်သည့် ဆီဆိုင်မြို့နယ် ကုန်းဆွတ်-လာဇရူး-တောင်သာ-တရောက်-ဖာလိုင်လမ်းပေါ်ရှိ ပေ၂၀၀ သံကူကွန်ကရစ်တံတား (ဒုတိယပိုင်း) တည်ဆောက်နေမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(၄၀၅)

စက်တင်ဘာလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်

စဉ်	စခန်းအမည်	စံချိန်သစ် တင်သည့်ရက်စွဲ	အမြင့်ဆုံးအပူချိန် စံချိန်သစ်		ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ	အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း		စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း
			ဒီဂရီ ဆဲလ်စီးယက်	ဒီဂရီ ဖာရင်ဟိုက်		ဒီဂရီ ဆဲလ်စီးယက်	ဒီဂရီ ဖာရင်ဟိုက်	
၁။	စစ်ကိုင်း	၂၈-၉-၂၀၂၆	၃၉.၅	၁၀၃.၁	၂၇-၉-၂၀၂၆	၃၈.၉	၁၀၂.၀	၆၂

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

MYAWADY IN ENGLISH DAILY EDITION

Vice President U Nyo Saw addresses e-Government Steering Committee Coordination Meeting (1/2026)

NAY PYI TAW September 29

The e-Government Steering Committee Coordination Meeting was held this afternoon at the meeting hall of the Ministry of Digital Development and Communications, Office No. (2), in Nay Pyi Taw, with e-Government Steering Committee Chairman Vice President U Nyo Saw attending and delivering an address.

The meeting was attended by e-Government Steering Committee Vice-Chairman and Union Minister for Digital Development and Communications U Mya Htun Oo, Union ministers who are steering committee members, Union-level officials, deputy ministers, the chairman of the Myanmar Computer Federation and departmental officials. Chief ministers of regions and states who are steering committee members attended online.



Vice President U Nyo Saw attends and addresses e-Government Steering Committee Coordination Meeting (1/2026).

At the meeting, the Vice President discussed in detail the measures required to implement the country's e-Government processes more effectively and extensively and facilitate the transition to Digital Government across the government, including the development of Public-Private Partnership (PPP) frameworks involving the private sector and technology experts in addition to the government sector to ensure the successful implementation of e-Government initiatives; the provision of services through Single Window and One-Stop Digital Services platforms; information security and cybersecurity; and the approval and enactment of the National Digital Development Strategy 2030 and the Digital Development Law. He urged all departments and organizations to systematically coordinate and work in harmony to build a Digital Government based on e-Government services that the public can use with confidence.

The Steering Committee Vice-Chairman reported on preparations for e-Government implementation, while the committee secretary provided an update on the implementation process. Committee members also exchanged views and made recommendations to ensure the successful implementation of e-Government initiatives.

The Vice President subsequently reviewed and discussed the reports, coordinated the necessary measures and delivered concluding remarks before the meeting was successfully concluded.

Myawady

Repatriation of verified Myanmar Nationals from Malaysian Detention Camps





NAY PYI TAW September 30

Myanmar Navy vessels, namely UMS Moattama, UMS Than Lwin and UMS Sin Phyu Shin arrived at Lumut Port, Malaysia on the morning of 28 September to repatriate 1,476 verified Myanmar nationals who had been detained in the Malaysian Immigration detention camps and faced difficulties following completion of their sentences due to the violation of the immigration regulations.

Following the systematic handover of the verified Myanmar nationals by the Myanmar Embassy and the Office of the Military, Naval and Air Attache of Myanmar in Kuala Lumpur, the vessels carrying the returnees departed from Lumut Port, Malaysia on the evening of 29 September 2026 for Yangon.

Myawady

Myinmu Township grows more than 1,000 acres of sunflower this year



MYINMU September 29

Statistics of Myinmu Township Agriculture Department stated that local farmers have so far planted more than 1,000 acres of sunflower in Myinmu Township of Sagaing Region this year.

During the 2026-2027 monsoon crop cultivation season, 2,030 acres of sunflower are targeted for cultivation in Myinmu Township. Planting began in June this year, and 1,343 acres have been planted so far.

"More than 2,000 acres of sunflower are targeted for cultivation in Myinmu Township during this year's monsoon crop cultivation season. More than 1,000 acres have been planted as of today.

"Efforts are being made to ensure that the targeted acreage is fully cultivated. Sunflower, an oilseed crop, is being expanded to reduce dependence on imported palm oil. Sunflower produces a higher quantity of oil per acre than other oilseed crops such as groundnut and sesame," said U Soe Paing, Head of the Myinmu Township Agriculture Department.

To expand sunflower cultivation in Myinmu Township, the Township Agriculture Department is stepping up educational and training programmes. Training is also being intensified to enhance the capacity of staff and farmers who will grow sunflowers.

This year, arrangements have been made to provide seeds to sunflower growers in Myinmu Township and to sell urea fertilizers at affordable prices. Quality sunflower seeds produced locally are also being distributed through farmer-to-farmer seed exchange systems.

SMK

Plan underway to grow more than 9,000 acres of kidney bean in Homalin Township

HOMALIN September 29

More than 9,000 acres of kidney beans will be cultivated during the coming winter crop cultivation season in Homalin Township, Sagaing Region, according to statistics of the Homalin Township Agriculture Department.

During the 2026-2027 winter crop cultivation season, Homalin Township has set a target of cultivating 9,527 acres of kidney beans. Cultivation will begin in October this year and continue through September.

"This year, more than 9,000 acres of kidney beans are targeted for cultivation in Homalin Township during the winter crop cultivation season. We will make efforts to ensure that the targeted acreage is fully cultivated," said Daw Su Su Htwe, Head of the Homalin Township Agriculture Department.

The Homalin Township Agriculture Department will conduct awareness activities for kidney bean farmers to encourage expansion of cultivated acreage, improve yields, adopt Good Agricultural Practices (GAP), use quality and pure seeds, and grow high-yielding varieties.

Crops cultivated under GAP practices have better quality than those grown using other methods and can fetch higher prices. Their improved quality also enables them to be sold not only in domestic markets but also exported to international markets, thereby contributing to greater economic benefits for farmers adopting GAP practices. **SMK**

Pwintbyu Township finishes cultivation of more than 60,000 acres of rainfed paddy

PWINTBYU September 29

Local farmers planted 61,250 acres of rainfed paddy as monsoon crops in Pwintbyu Township of Magway Region this year, according to the Township Agriculture Department.

Local authorities earmarked cultivation of 70,033 acres of rainfed paddy in the township. But, local farmers have so far planted 61,250 acres of crops against the target cultivation.

"This year, 70,033 acres of paddy are targeted for cultivation in Pwintbyu Township during the monsoon crop cultivation season. As of today, 61,250 acres have already been planted. Efforts are being made to ensure that the targeted acreage is fully cultivated. We are providing the necessary cultivation techniques, quality and pure seeds, and agricultural inputs required for paddy cultivation. We are also conducting field activities in cooperation with relevant departments to enable farmers to plant monsoon paddy on time," said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

In Pwintbyu Township, farmers cultivating monsoon paddy are being provided with agricultural technical assistance and awareness programmes on preventing pest infestations, as well as guidance on the systematic use of irrigation water and agricultural inputs.

Daw Moe Moe Wai said that efforts should be made to expand paddy cultivation year by year, as improved paddy yields would not only ensure adequate supplies for local consumption but also generate income by allowing surplus production to be sold, thereby contributing to socioeconomic development. **SK**

Large volume of dried spiny eels sent to Yangon market



MYAUNGMYA September 29

Local merchants from Myaungmya Township of Ayeyawady Region shipped a large volume of dried spiny eels to Yangon market said Daw Kyu Khaing, the owner of fish-paste and dried fish trading in Myaungmya Township.

Fish-drying and trading businesses in Myaungmya Township are purchasing locally produced fresh spiny eels and systematically drying them for export and sale.A total of 52,000 viss of dried spiny eels could be exported and sold.

"Last month, sales of dried spiny eels to the Yangon market were strong. We were able to export and sell a large volume of dried spiny eels within a single month because demand from the Yangon market has increased. The dried spiny eel business creates employment opportunities for local people. As orders for dried fish have increased, everyone involved in the dried spiny eel business and related activities has benefited," said Daw Kyu Khaing.

Locally produced dried spiny eels exported and sold from Myaungmya Township to the Yangon market are currently priced at Ks-45,000 to Ks-58,000 per viss. The increased volume of dried fish being exported and sold from the area has benefited dried-fish business owners, fishermen and dried-fish workers. **SK**

Putin holds talks with former President of Republika Srpska Dodik

MOSCOW September 29

Sputnik brings you a live broadcast from Moscow, Russia, where Russian President Vladimir Putin is holding a meeting with former President of Republika Srpska Milorad Dodik and current Prime Minister Savo Minic.

Dodik last visited Russia in May 2026 to take part in events marking the 81st anniversary of Victory in the Great Patriotic War.

Relations between Republika Srpska and the Russian Federation are at the highest possible level and are maintained within the framework of strategic cooperation, Milorad Dodik said earlier.

Russia provides unwavering support to Republika Srpska in multilateral platforms, including the UN Security Council, Russian President Vladimir



Putin said.

"The political dialogue is part of that, and our efforts at the UN, the implementation of the joint economic project, and traditional contacts in the region. In the field of cultural and humanitarian exchanges, we both strive to ensure a fairer world order. And as I've mentioned, we support the Republika Srpska and the multilateral fora, including the UN Security Council," Putin said.

Republika Srpska former President Milorad Dodik said at the meeting with Russian President Vladimir Putin that he supported the goals of the special military operation and noted that the Russian leader's warnings about the West's actions had always been right.

"We are ready to hear you out and to express our support for the goals of a special military operation. And we would like to say that you were always right in all the warnings that you have made," Dodik said. **Sputnik**

Netanyahu's office confirms Israeli Prime Minister visited UAE on Sunday to enhance ties

JERUSALEM September 29

The office of Israeli Prime Minister Benjamin Netanyahu confirmed his visit to the UAE on Sunday, noting that it focused on strengthening relations between the two countries and addressing regional issues.

The Emirati news agency WAM previously reported that Netanyahu had visited the UAE on Sunday to discuss bilateral relations with the Emirati president.

"The visit focused on strengthening relations between the two countries and on regional challenges," the prime minister's office said on X.

According to the statement, the prime minister was accompanied by his wife, Sara, as well as the head of Israel's National Security Council, Shmuel Ben-Ezra; the director of the Mossad intelligence agency, Roman Hoffman; Military Secretary Guy Markizeno; and foreign policy advisor Ophir Falk. **Sputnik**

Tehran denounces UK 'Iranophobia' over airbase 'terror case'

TEHRAN September 29

Iran has denied any ties to the Fairford Airbase incident in the UK, denouncing evidence-free claims that it was involved as "Iranophobia."

Hours after call from a farmer to the military airbase at RAF Fairford in Gloucestershire, southwestern England, on Saturday night, police arrested five men driving three white vans, on suspicion of preparing a terrorist act.

Britain has ramped up pro-war rhetoric in the last week, with the BBC running an article titled "Are you psychologically prepared for war?" while Sky UK ran a reality show 'The Wargame' featuring politicians defining strategy in a 'war room' following a hypothetical attack by Russia. London's belligerent media thus went into overdrive upon reports of a possible incident near the airbase.

Police cordoned off the vicinity of the base and evacuated over 80 homes. According to the BBC, a bomb squad worked at the scene, using a remote-controlled robot to inspect the vans, which were parked in a wooded area.

However, the men were released on bail the following day after "extensive interviews and enquiries," according to Laurence Taylor, the head of the UK's National Counter Terrorism Policing. No suspicious materials were found.

Taylor said police had begun investigating whether the offense was "committed by proxies, or individuals either knowingly or unknowingly, working on behalf of a foreign state" including "Russia, Iran or an Islamist state," according to Reuters citing an anonymous security source.

Iran's mission in London said in a statement on X on Monday that "The Embassy of the Islamic Republic of Iran in London categorically rejects and strongly condemns the recent unfounded and malicious speculations published by some British individuals and media outlets attempting to link Iran to [the] arrest of five suspects in the vicinity of RAF Fairford base."

"Such fabricated speculations" would only "fuel Iranophobia propaganda in the UK."

Although Iran's Islamic Revolutionary Guard Corps (IRGC) warned in July that the UK would become a "definite and legitimate target" if it supported the US bombing campaign, Tehran has not claimed responsibility for any attacks outside the Middle East.

Iran has fired missiles and drones at Gulf states, which it described as legitimate targets for retaliation because they host American bases used to launch attacks against Iran. **RT**

US strategic oil reserve plunges to 44-year low

WASHINGTON September 29

The US emergency oil stockpile has plunged to its lowest level in nearly 44 years as the US-Israeli war on Iran continues to squeeze global supplies and disrupt shipping through the Strait of Hormuz, according to Department of Energy data. The Strategic Petroleum Reserve (SPR) has shrunk by almost a third since Washington began releasing crude in March.

The reserve dropped to 283.8 million barrels for the week ending September 25, hitting its lowest level since October 1982, according to US government data. That is down roughly 32 percent from 415.4 million barrels in mid-March and 61 percent from the record 726.6 million barrels held in late 2009.

Congress created the SPR in 1975 following the Arab oil embargo to provide an emergency buffer against severe supply disruptions. Designed to hold more than 700 million barrels in underground salt caverns along the Gulf Coast in Texas and Louisiana, the reserve has been tapped heavily in recent years.

Washington pledged on March 11 to make up to 172 million barrels available as part of a coordinated 400-million-barrel release by International Energy Agency members in response to the supply crisis. Much of the US crude is being provided through exchanges rather than sold outright, meaning companies must return the oil later



along with additional barrels as a premium.

Global oil inventories have fallen sharply during the conflict. Goldman Sachs estimated in May that visible crude and petroleum-product stocks were shrinking by a record 8.7 million barrels per day (bpd), nearly twice the average rate since the Iran war began in February and disruptions in the Strait of Hormuz began to interfere with shipments. **RT**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 61

be/get used to … (I'm used to …)

Exercises

61.1 **Complete the sentences using** used to **+ a suitable verb.**

1 I'm not lonely. I don't need other people. I'm used to being on my own.
2 I don't feel good. I stayed up until 3 am. I'm not ..... to bed so late.
3 Tomorrow I start a new job. I'll have to get ..... with new people.
4 My feet hurt. I can't go any further. I'm not ..... so far.
5 I like this part of town. I've been here a long time, so I'm ..... here.

61.2 **Read about Sarah and Jack. Complete the sentences using** used to.

1 Sarah is a nurse. A year ago she started working nights. At first it was hard for her.
Sarah wasn't used to working nights. It took her a few months to ..... it.
Now, after a year, it's normal for her. She ..... nights.

2 Jack has to drive two hours to work every morning. Many years ago, when he first had to do this, it was hard for him and he didn't like it.
When Jack started working in this job, he ..... driving two hours to work every morning, but after some time he ..... it. Now it's no problem for him. He ..... two hours every morning.

61.3 **What do you say in these situations? Use** I'm (not) used to … .

1 You live alone. You don't mind this. You have always lived alone.
FRIEND: Do you get lonely sometimes?
you: No, I'm used to living alone.

2 You sleep on the floor. It's OK for you. You have always slept on the floor.
FRIEND: Wouldn't you prefer to sleep in a bed?
you: No, I .....

3 You have to work long hours in your job. This is not a problem. You have always done this.
FRIEND: You have to work long hours in your job, don't you?
you: Yes, but I don't mind that. I .....

4 You've just moved from a village to a big city. It's busy and you don't like the crowds of people.
FRIEND: How do you like living here now?
you: It's different from living in a village. I .....

61.4 **Read the situations and complete the sentences using** get/got used to.

1 Some friends of yours have just moved into an apartment on a busy street. It is very noisy.
They'll have to get used to the noise .

2 The children got a new teacher. She was different from the teacher before her, but this wasn't a problem for the children. They soon ..... .


3 Kate moved from a big house to a much smaller one. She found it strange at first. She had to ..... in a much smaller house.

4 Anna has lived in Britain for ten years. She didn't like the weather when she first came, and she still doesn't like it. She can't ..... .

5 Lee got a new job, but his new salary was much less. So he had less money.
He had to ..... .

Raymond Murphy

မြင်းကောင်ရေ ၈၈၀ ကောင်အားနဲ့ ဇိမ်ခံကားလောကထဲဝင်လာတဲ့ Bentley ရဲ့လျှပ်စစ်စွမ်းအင်သုံး Torcal



ဗြိတိန်ဇိမ်ခံကားထုတ်လုပ်သူ Bentley ဟာ V8 အင်ဂျင်ရဲ့ အသံ၊ သားရေထိုင်ခုံနဲ့ သစ်သားလက်ရာတွေကြောင့်ပဲ နာမည်ကျော်လာတဲ့ကုမ္ပဏီတစ်ခုပါ။ ဒါပေမဲ့ အခုတော့ ဇိမ်ခံကားလောကထဲကို လျှပ်စစ်စွမ်းအင်သုံးမော်တော်ကားတစ်စီးနဲ့အတူ အဲဒီအစဉ်အလာကို ခေါ်ဆောင်လာခဲ့ပါပြီ။ အဲဒီကားကတော့ Bentley က ပထမဆုံးထုတ်လုပ်မယ့် လျှပ်စစ်ကား Torcal ပဲဖြစ်ပါတယ်။

Torcal ရဲ့ စိတ်ဝင်စားစရာအကောင်းဆုံးအချက်က Bentley ဟာ လျှပ်စစ်ကားတစ်စီးထုတ်လုပ်ထားတယ်ဆိုတာထက် ဘယ်လိုလျှပ်စစ်ကားမျိုးဖြစ်အောင်လုပ်ထားသလဲဆိုတာပါ။ ကားရဲ့ အခြေခံနည်းပညာကို Porsche Cayenne Electric မှာ အသုံးပြုတဲ့ Volkswagen Group ရဲ့ Premium Platform Electric (PPE) ပလက်ဖောင်းကို အခြေခံထားပါတယ်။ ဒါပေမဲ့ Bentley အင်ဂျင်နီယာတွေက Porsche ရဲ့ Sport Type ဆန်တဲ့ စီးနင်းခံစားချက်ကို တိုက်ရိုက်ကူးယူမထားဘဲ Bentley ရဲ့ နူးညံ့ပြီး ဇိမ်ခံတဲ့ စီးနင်းမှုမျိုးဖြစ်အောင် ပြန်လည်ချိန်ညှိထားပါတယ်။

အဲဒီအတွက် ကားမှာ fully active suspension စနစ်ကို အသုံးပြုထားပြီး ကားဘီးလေးဘီးစလုံးရဲ့ suspension ကို သီးခြားထိန်းချုပ်နိုင်ပါတယ်။ လမ်းမကောင်းတဲ့နေရာတွေမှာ ချောမွေ့စွာဖြတ်သန်းသွားနိုင်သလို ကွေ့ဝိုက်ရတဲ့နေရာတွေမှာလည်း ကားကို ထိန်းချုပ်နိုင်အောင် ပြုလုပ်ထားပါတယ်။ Bentley ရဲ့ ရည်ရွယ်ချက်က အမြန်ဆုံးကားတစ်စီးကို ဖန်တီးဖို့ထက် အလွန်မြန်ပေမယ့် မြန်တဲ့အရှိန်ကို မခံစားရလောက်အောင်ငြိမ်သက်လှတဲ့ ဇိမ်ခံကားတစ်စီးဖြစ်စေဖို့ပါ။

ဒါပေမဲ့ Torcal ကို အေးအေးဆေးဆေးစီးဖို့ပဲလို့ထင်ထားရင်တော့ မှားပါလိမ့်မယ်။ အခြေခံမော်ဒယ်မှာ မြင်းကောင်ရေ ၈၂၀ ကောင်၊ ရှန်းအားက ၁ ပေကို ၈၈၁ ပေါင်အားရှိပြီး မိုင် ၆၀ အရှိန်နှုန်းကို ၃ ဒသမ ၃ စက္ကန့်နဲ့ ရောက်နိုင်ပါတယ်။ ပိုပြီး Grade မြင့်တဲ့ Torcal S မှာတော့ မြင်းကောင်ရေ ၈၈၈ ကောင် နဲ့ ရှန်းအားက ၁ ပေကို ၉၉၆ ပေါင်အားရှိပြီး မိုင် ၆၀ အရှိန်နှုန်းကို ၂ ဒသမ ၈ စက္ကန့်ပဲကြာပါတယ်။ ကားတစ်စီးလုံးအလေးချိန် ပေါင် ၆၁၀၀ ကျော်ရှိတဲ့ဇိမ်ခံ SUV တစ်စီးအတွက်တော့ ဒီအရှိန်က တော်တော်လေးအံ့အားသင့်စရာပါ။


Torcal မှာ 800V လျှပ်စစ်စနစ်နဲ့ 113 kWh ဘက်ထရီကို အသုံးပြုထားပြီး အသုံးချနိုင်တဲ့ ဘက်ထရီပမာဏက 108 kWh ဖြစ်ပါတယ်။ WLTP စံနှုန်းအရ တစ်ကြိမ်အားသွင်းပြီး မိုင် ၃၇၀ ကျော်အထိသွားနိုင်ကာ 400 kW DC အားသွင်းစနစ်ကို အသုံးပြုနိုင်တဲ့အတွက် ဘက်ထရီအား ၁၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိကို ၁၆ မိနစ်ခန့်နဲ့အားသွင်းနိုင်ပါတယ်။

ဒါပေမဲ့ Bentley ရဲ့ တကယ့်လက်ရာကကားအတွင်းခန်းမှာ ပိုသိသာပါတယ်။ ခေတ်သစ်ကားတွေလိုမျိုး Touchscreen တွေကို နေရာတိုင်းမှာ ထည့်မယ့်အစားလက်နဲ့ထိတွေ့ပြီးမှအသုံးပြုရတဲ့ သတ္တုခလုတ်တွေ၊သမားရိုးကျဂုံစံလေထိန်းလေထွက်ထိန်းချုပ်ခလုတ်တွေနဲ့ အရည်အသွေးမြင့်ပစ္စည်းတွေကို ထည့်သွင်းထားပါတယ်။ Mulliner က သစ်သားအကျန်အပိုင်းတွေကို အံ့အားသင့်စရာတစ်ခုက အင်ဂျင်အသံပါ။ လျှပ်စစ်ကားဖြစ်လာတာကြောင့် V8 အင်ဂျင်ရဲ့အသံမရှိတော့ပေမယ့် Bentley က အဲဒီခံစားချက်ကို လုံးဝမဖျောက်ချင်ခဲ့ပါဘူး။ ဒါကြောင့် ဂီတတူရိယာတွေကို အသုံးပြုပြီး V8 အင်ဂျင်ရဲ့ အသံခံစားချက်ကို ပြန်လည်ဖန်တီးထားတဲ့ Bentley Dynamic Symphony ဆိုတဲ့ အသံစနစ်ကို ထည့်သွင်းထားပါတယ်။ မကြိုက်ရင်လည်း ပိတ်ထားနိုင်ပါတယ်။ အသံပိုင်းမှာလည်း 28-speaker Naim အသံစနစ်၊ Dolby Atmos နဲ့ ထိုင်ခုံအတွင်းတုန်ခါမှုကို ဖန်တီးပေးတဲ့စနစ်တွေ ပါဝင်ပါတယ်။ ဆိုလိုတာက Bentley ဟာ လျှပ်စစ်ကားကို စက်ပစ္စည်းတစ်ခုအဖြစ်ထက် ခရီးသွားရင်းခံစားရတဲ့ ဇိမ်ခံအတွေ့အကြုံတစ်ခုအဖြစ် ရောင်းချဖို့ ကြိုးစားထားတာဖြစ်ပါတယ်။

ဈေးနှုန်းကတော့ အခြေခံ Torcal က ပေါင် ၁၇၃၃၀၀ ဝန်းကျင်ကနေ စတင်ပြီး Torcal S က ပေါင် ၁၉၉၃၀၀ ဝန်းကျင်ရှိပါတယ်။ ဒါကြောင့် Bentley က Rolls-Royce Spectre ထက် ဈေးသက်သာတဲ့ ဇိမ်ခံလျှပ်စစ်ကားအဖြစ် ရပ်တည်စေဖို့ ရည်ရွယ်ထားပါတယ်။ **Ref: AE**

ကိုထက်

Hypersonic Glide Vehicle နဲ့ Cruise Missile ဘာကွာသလဲ



ယနေ့ခေတ် စစ်ရေးနည်းပညာမှာ Hypersonic ဆိုတဲ့ စကားလုံးက ပိုပြီးအရေးပါလာပါတယ်။ အသံထက်အနည်းဆုံး ၅ ဆ မြန်တဲ့လက်နက်တွေဟာ သမားရိုးကျဒုံးကျည်တွေထက် ပိုမိုမြန်ဆန်ရုံသာမက ပျံသန်းနေစဉ် လမ်းကြောင်းပြောင်းနိုင်တာကြောင့် လက်ရှိဒုံးကျည်ကာကွယ်ရေးစနစ်တွေအတွက် စိန်ခေါ်မှုအသစ်တစ်ခုဖြစ်လာနေပါတယ်။ ဒါပေမဲ့ Hypersonic လက်နက်အားလုံးဟာ တစ်ပုံစံတည်းမဟုတ်ပါဘူး။ အဓိကအားဖြင့် Hypersonic Glide Vehicle (HGV) နဲ့ Hypersonic Cruise Missile (HCM) ဆိုပြီး နည်းလမ်းနှစ်မျိုးကွဲပြားပါတယ်။

Hypersonic Glide Vehicle ကို နားလည်ရလွယ်အောင်ပြောရရင် ဒုံးပျံရဲ့အရှိန်နဲ့ အမြင့်တင်ပေးပြီးနောက် အင်ဂျင်မသုံးဘဲ အလွန်မြန်တဲ့အရှိန်နဲ့ လေဟုန်စီးသလို ပျံသွားတဲ့ယာဉ်လို့ဆိုနိုင်ပါတယ်။ ပထမဆုံးအဆင့်မှာ Rocket Booster က HGV ကို အမြင့်နဲ့အရှိန်ရအောင် တင်ပေးပါတယ်။ အဲဒီနောက် HGV က ဒုံးပျံကနေခွဲထွက်ပြီး လေထုအတွင်းမှာ aerodynamic lift ကိုသုံးကာ ပစ်မှတ်ဆီကို လေဟုန်စီးပြီးပျံသွားပါတယ်။ အင်ဂျင်က ဆက်တိုက်တွန်းအားပေးနေစရာမလိုပါဘူး။


ဒီနေရာမှာ သမားရိုးကျအမြင့်ပျံဒုံးကျည်များနဲ့အဓိကကွာခြားချက်က သွားတဲ့လမ်းကြောင်းပါ။ အမြင့်ပျံဒုံးကျည်လမ်းကြောင်းကို အတော်အတန်ကြိုတင်ခန့်မှန်းနိုင်ပေမယ့် HGV က လေထုထဲမှာ lift ကိုသုံးပြီး လမ်းကြောင်းပြောင်းနိုင်ပါတယ်။ ဒါကြောင့် ရေဒါကနေလိုက်လံတွက်ချက်ဖို့နဲ့ ကြားဖြတ်ဒုံးကျည်နဲ့ တားဆီးဖို့ပိုမိုခက်ခဲလာနိုင်ပါတယ်။ တရုတ်ရဲ့ DF-17 နဲ့ ရုရှားရဲ့ Avangard တို့ဟာ HGV နည်းပညာနဲ့ ဆက်စပ်ပြီးထင်ရှားတဲ့စနစ်ထဲမှာ ပါဝင်ပါတယ်။

Hypersonic Cruise Missile ကတော့ လုံးဝခြားနားပါတယ်။ ဒီလက်နက်ဟာ ပျံသန်းနေစဉ်အတွင်း အင်ဂျင်ကို ဆက်လက်အသုံးပြုပြီး အရှိန်ကိုထိန်းထားပါတယ်။ အများအားဖြင့် scramjet လို့ခေါ်တဲ့ Supersonic Combustion Ramjet အင်ဂျင်ကို အသုံးပြုထားလေ့ရှိပါတယ်။ ဒီအင်ဂျင်ဟာသမားရိုးက Jet Engine တွေလို လေကို compressor နဲ့ အရင်ဖိသိပ်တာမဟုတ်ဘဲ လက်နက်ရဲ့ အလွန်မြန်တဲ့ရှေ့တိုးအရှိန်ကို အသုံးပြုပြီး ဝင်လာတဲ့လေကို ဖိသိပ်ကာ လောင်စာနဲ့ ပေါင်းစပ်လောင်ကျွမ်းစေတာဖြစ်ပါတယ်။

ဒါပေမဲ့ Scramjet ဟာ ရပ်နေရာကနေ ချက်ချင်းကြီး အလုပ်လုပ်လို့မရပါဘူး။ အဲဒီအတွက် အစပိုင်းမှာ Rocket Booster တစ်ခုနဲ့ လိုအပ်တဲ့အရှိန်ရအောင် မြှင့်တင်ပေးရပြီးနောက် Scramjet က အဓိကတာဝန်ကိုဆက်ယူပါတယ်။ အမေရိကန်လေတပ်ရဲ့ Hypersonic Attack Cruise Missile (HACM) ဟာ ဒီလို Air-breathing Hypersonic Weapon တစ်မျိုးကိုဖန်တီးနေတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ Boeing X-51A Waverider ကလည်း Scramjet နည်းပညာကို လက်တွေ့စမ်းသပ်ပြသနိုင်ခဲ့တဲ့ ယာဉ်တစ်စင်းဖြစ်ပါတယ်။

Hypersonic လက်နက်တွေကို အန္တရာယ်ကြီးစေတဲ့အချက်က အမြန်နှုန်းတစ်ခုတည်း မဟုတ်ပါဘူး။ အဓိကက အမြန်နှုန်း၊ လမ်းကြောင်းပြောင်းနိုင်မှု၊ ပျံသန်းတဲ့အမြင့်သုံးခုပေါင်းထားခြင်းပါ။ ဒါပေမဲ့ Hypersonic လက်နက်တွေဟာ မတားနိုင်တဲ့လက်နက်မဟုတ်ပါဘူး။ ဒီလက်နက်စနစ်နှစ်မျိုးကြားကွာခြားချက်ကြောင့် စစ်မြေပြင်မှာ အသုံးဝင်ပုံလည်း ကွဲပြားနိုင်ပါတယ်။ HGV ဟာ အလွန်မြန်တဲ့အရှိန်နဲ့ တာဝေးပစ်မှတ်တွေကို တိုက်ခိုက်နိုင်ဖို့အားသာချက်ရှိနိုင်ပြီး HCM ကတော့ အထူထိုးဖောက်ဖို့ဆက်လက်အသုံးပြုတာကြောင့် လေထုအတွင်း အချိန်ကြာကြာအားနှိုင်စွမ်းသန်းနိုင်ဖို့အာရုံစိုက်ထားတဲ့ နည်းပညာဖြစ်ပါတယ်။ ဒါကြောင့် HGV နဲ့ HCM ကြားကပြိုင်ဆိုင်မှုဟာ ဘယ်လက်နက်က ပိုမြန်သလဲဆိုတာထက် ဘယ်သူက အမြန်နှုန်း၊ လမ်းကြောင်းပြောင်းနိုင်မှုနဲ့ ရှာဖွေတားဆီးနိုင်မှုကြားက နည်းပညာပြိုင်ပွဲကို ပိုမိုကောင်းမွန်အောင် ဖြေရှင်းနိုင်သလဲဆိုတဲ့ မေးခွန်းဖြစ်လာနေပါတယ်။ **Ref: IE**

ကိုထက်



ကလေးအချို့ သန်ျာတွင်းအခက်အခဲရှိရခြင်းက ဦးနှောက်လုပ်ဆောင်ပုံနှင့် ဆက်စပ်နေ

ကလေးတချို့က သန်ျာဘာသာရပ်မှာဘာကြောင့် အခက်အခဲရှိကြတာလဲဆိုတဲ့ မေးခွန်းကို အမေရိကန်စတန်းဖို့တက္ကသိုလ်မှ သုတေသီတွေက ဦးနှောက်လုပ်ဆောင်ပုံနဲ့ ဆက်စပ်ပြီး လေ့လာထားပါတယ်။ လေ့လာချက်အရ သန်ျာမကျွမ်းကျင်တာဟာ ဂဏန်းတွေကို နားမလည်တာတစ်ခုတည်းကြောင့်မဟုတ်ဘဲ ပြဿနာဖြေရှင်းရာမှာ မှားယွင်းမှုကနေသင်ယူပြီး နောက်တစ်ကြိမ်ဖြေရှင်းနည်းကို လိုက်လျောညီထွေပြောင်းလဲအသုံးပြုနိုင်မှုနဲ့ ဆက်စပ်နေပါတယ်။

သုတေသီတွေဟာ ကလေးတွေ သန်ျာပုစ္ဆာတွေဖြေရှင်းနေချိန် ဦးနှောက်လှုပ်ရှားမှုနဲ့ ဖြေရှင်းနည်းပြောင်းလဲပုံကို လေ့လာခဲ့ကြပါတယ်။ အဲဒီအခါ သန်ျာလေ့လာရာမှာအခက်အခဲရှိတဲ့ ကလေးတွေဟာ အဖြေမှားသွားပြီးတဲ့နောက် အဲဒီအမှားကနေသင်ယူပြီး ဖြေရှင်းနည်းကိုပြောင်းလဲဖို့ ပိုမိုခက်ခဲတာတွေ့ရပါတယ်။ သုတေသီတွေက ဒီတွေ့ရှိချက်ဟာ သန်ျာမှာအခက်အခဲရှိတဲ့ ကလေးတွေကို ပိုမိုနားလည်လာစေပြီး သူတို့နဲ့ကိုက်ညီတဲ့ သင်ကြားနည်းတွေကို ဖော်ထုတ်ရာမှာ အထောက်အကူဖြစ်နိုင်တယ်လို့ဆိုပါတယ်။ **Ref: STD၊ ကိုထက်**



အမေရိကန်၏ ဒုံးကျည်ထုတ်လုပ်မှုမြှင့်တင်ရေးကြိုးပမ်းမှု စစ်ပွဲအတွက် နောက်ကျနိုင်ဟုဆို

နယူးယောက်၊ စစ်လက်နက်

အီရန်နှင့် စစ်ရေးတင်းမာမှု ဆက်လက်ဖြစ်ပွားနေချိန်တွင် အမေရိကန်က ဒုံးကျည်ထုတ်လုပ်မှုမြှင့်တင်သွားရန် ကာကွယ်ရေးကုမ္ပဏီများကိုတောင်းဆိုပြီး အလျင်အမြန်လုပ်ဆောင်စေသော်လည်း လက်ရှိစစ်ပွဲအတွက် လိုအပ်သည့်လက်နက်များကိုမူ အချိန်မီဖြည့်တင်းနိုင်ရန် နောက်ကျနေပြီဖြစ်နိုင်ကြောင်း သတင်းများက ဖော်ပြထားသည်။

အမေရိကန်က Tomahawk ဒုံးကျည်နှင့် Patriot ကြားဖြတ်ဒုံးကျည်များအပါအဝင် အရေးကြီးသည့်လက်နက်ခဲယမ်းများ ထုတ်လုပ်မှုတိုးမြှင့်ရန် စက်ရုံများကိုတိုးချဲ့ခြင်း၊ ဝန်ထမ်းများခန့်အပ်ခြင်းနှင့် ထုတ်လုပ်ရေးလိုင်းအသစ်များ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်နေသည်။သို့သော်အဆိုပါစက်ရုံများမှ ထုတ်လုပ်မည့် လက်နက်အများစုသည် အပြည့်အဝထွက်ရှိလာရန် နှစ်နှင့်ချီကြာမြင့်နိုင်သဖြင့် လက်ရှိလိုအပ်ချက်ကို ဖြည့်ဆည်းရန် အခက်အခဲရှိနေသည်ဟု Wall Street Journal ကဖော်ပြထားသည်။

အမေရိကန်နှင့် အီရန်တို့ကြားဖြစ်ပွားသည့် စစ်ရေးပဋိပက္ခအတွင်း အမေရိကန်၏ ဒုံးကျည်နှင့် ကြားဖြတ်ဒုံးကျည်များ အသုံးပြုမှု မြင့်တက်လာခြင်းကြောင့် လက်နက်ခဲယမ်းများသိုလှောင်မှုအပေါ် စိုးရိမ်မှုများလည်းတိုးလာသည်။ထို့ကြောင့်အမေရိကန်က လက်နက်ထုတ်လုပ်နိုင်စွမ်းကို အမြန်တိုးချဲ့ရန် အလေးထားဆောင်ရွက်နေခြင်းဖြစ်သည်။ တစ်ဖက်တွင် အီရန်ကလည်း စစ်ပွဲအတွင်း ပျက်စီးခဲ့သည့် စနစ်များကို ပြန်လည်ပြုပြင်ခြင်းနှင့် ဒုံးကျည်၊ ဒရုန်းထုတ်လုပ်မှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ထုတ်ဖော်ပြောထားသည်ဟု သိရသည်။

Ref: SCMP

အီရန်အပေါ်ပြိတ်ဆို့မှု ဖြေလျှော့ပေးမည့် သတင်းကို ထရမ့်ငြင်းဆို

ဝါရှင်တန်၊ နိုင်ငံရေး

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ လိုက်လျောမှုများပြုလုပ်ပါက အီရန်အပေါ်ချမှတ်ထားသည့် ပိတ်ဆို့မှုများ ဖြေလျှော့ပေးရန်နှင့် တားမြစ်ထားသည့် အီရန်ပိုင်ငွေကြေးများကို ထုတ်ယူခွင့်ပြုရန် ကမ်းလှမ်းထားသည်ဆိုသောသတင်းများကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ငြင်းဆိုလိုက်သည်။ ထိုသတင်းများသည် မမှန်ကြောင်းနှင့် အီရန်ဘက်သို့ မည်သည့် အရာမျှ ကမ်းလှမ်းထားခြင်းမရှိကြောင်း ထရမ့်က Truth Social မှတစ်ဆင့် ပြောခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အီရန်ကလည်း အမေရိကန်နှင့် သံတမန်နည်းလမ်းဖြင့် ဆွေးနွေးရန် အသင့်ရှိကြောင်း ပြောထားသည်။ နှစ်နိုင်ငံကြားညှိနှိုင်းဆောင်ရွက်မှုများမှတစ်ဆင့် ငြိမ်းချမ်းရေးရရန် ကြိုးပမ်းနေပြီး အီရန်ဘက်၏သတ်မှတ်ချက်များအပေါ် အမေရိကန်ဘက်ကတုံ့ပြန်လာမည်ကိုစောင့်ဆိုင်းနေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်အာရက်ချီက ပြောသည်။

လက်ရှိနှစ်နိုင်ငံကြားဆွေးနွေးမှုများတွင် အီရန်၏ နျူကလီးယားအစီအစဉ်အပြင် ဟော်မုဇရေလက်ကြား ပြန်လည်ဖွင့်လှစ်ရေး၊ အီရန်အပေါ် ပိတ်ဆို့အရေးယူမှုများနှင့် ပိတ်ဆို့ထားသည့် ပိုင်ဆိုင်မှုများ ပြန်လည်ရရှိရေးတို့မှာ အဓိကအငြင်းပွားနေသည့် အချက်များဖြစ်သည်။ **Ref: ST**



အမေရိကန်တပ်ဖွဲ့များ အီရတ်မှ အပြီးသတ်ဆုတ်ခွာမည်

ဘဂ္ဂဒက်၊ စစ်ရေး

အမေရိကန်တပ်ဖွဲ့များသည် အီရတ်နိုင်ငံအတွင်း ကျန်ရှိနေသည့် နောက်ဆုံးစစ်စခန်းများမှနေ၍ စက်တင်ဘာလ ၃၀ ရက်တွင်အပြီးသတ်ဆုတ်ခွာမည်ဖြစ်ပြီး ၂၀၁၃ ခုနှစ် အီရတ်စစ်ပွဲစတင်ချိန်မှ နှစ်ပေါင်း ၂၀ ကျော်ကြာခဲ့သည့် အမေရိကန်၏ စစ်ရေးတပ်ဖြန့်မှုကို အဆုံးသတ်မည်ဖြစ်သည်။

အမေရိကန်နှင့် အီရတ်တို့သည် ၂၀၂၄ ခုနှစ်တွင် IS စစ်သွေးကြွအဖွဲ့ကို တိုက်ဖျက်ရေးအတွက် အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာညွှန့်ပေါင်းတပ်ဖွဲ့၏ စစ်ဆင်ရေးကို အဆင့်ဆင့်လျှော့ချရန် သဘောတူခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့များက IS စစ်သွေးကြွအဖွဲ့ကို တိုက်ဖျက်ရေးနှင့် နိုင်ငံအတွင်းလုံခြုံရေး



တို့ကို ပိုမိုတာဝန်ယူသွားမည်ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့များသည် ၂၀၁၃ ခုနှစ်တွင် ဆက်ဒမ်ဟူစိန်အစိုးရကို ဖြုတ်ချရန် အီရတ်သို့ စတင်ဝင်ရောက်ကျူးကျော်လာခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် ပင်မတပ်ဖွဲ့များပြန်လည်ဆုတ်ခွာသွားခြင်းဖြစ်သည်။ သို့သော် ၂၀၁၄ ခုနှစ်တွင် IS စစ်သွေးကြွအဖွဲ့သည် အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့အတွင်း နယ်မြေများစွာကိုသိမ်းပိုက်လာပြီး နောက် အီရတ်အစိုးရ၏ ခေါ်ဆောင်မှုဖြင့် အမေရိကန်တပ်ဖွဲ့များ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

Ref: SCMP

OpenAI က ဩစတြေးလျအစိုးရဝက်ဆိုက် ဖောက်ထွင်းခံရမှုအတွက် တောင်းပန်

ဆစ်ဒနီ၊ နည်းပညာ

AI အေးဂျင့်တစ်ခုက ဩစတြေးလျအစိုးရဝက်ဆိုက်ကို ဖောက်ထွင်းဝင်ရောက်မှုဖြစ်စဉ်အတွက် OpenAI က တောင်းပန်လိုက်ပြီး နိုင်ငံအတွင်း ဆိုက်ဘာလုံခြုံရေးစနစ်များ ပိုမိုကောင်းမွန်လာစေရန် ရန်ပုံငွေထောက်ပံ့ခြင်းနှင့် တုံ့ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဟု ကတိပြုလိုက်သည်။

ဇွန်လအတွင်း လေ့ကျင့်မှုနှင့် စမ်းသပ်မှုများပြုလုပ်စဉ် ၎င်းတို့၏ AI မော်ဒယ်များသည် ဩစတြေးလျအစိုးရဝက်ဆိုက်များကို ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခဲ့ကြောင်း ChatGPT ကိုဖန်တီးသည့် OpenAI က စက်တင်ဘာလ ၂၉ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဝန်ခံထားသည်။ ဖြစ်စဉ်ကို ချက်ချင်းမတုံ့ပြန်နိုင်ခဲ့ခြင်းအတွက်လည်း တာဝန်ယူကြောင်း ပြောသည်။

AI မော်ဒယ်တစ်ခုသည် ဩစတြေးလျ၏ အများပြည်သူကျန်းမာရေးစနစ် Medicare နှင့် သက်ဆိုင်သည့် Services Australia ၏ ဒေတာဝန်ဆောင်မှုထဲသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ဖိုင်များ၊ အကောင့်အချက်အလက်များနှင့် စာရင်းအင်းအချက်အလက်များကို ရယူကာ ဖိုင်များကိုပြင်ဆင်ရေးသားခဲ့ကြောင်း OpenAI က ဆိုသည်။ ဩစတြေးလျဝန်ကြီးချုပ်ကမူ ယခုဖြစ်စဉ်ကို လက်မခံနိုင်ဟု ဝေဖန်ပြီး အစိုးရထံအကြောင်းကြားရန် နှောင့်နှေးခဲ့ခြင်းကို အပြစ်တင်ထားသည်။

Ref: ST

ပျောက်ဆုံးကြောင်း
လင်းလက်ရှင်းသန့်(ဘ)ဦးမျိုးသန့်၉/ဇဗသ(နိုင်)၀၀၃၉၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 236446)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
ခန့်လင်းညွှန့်(ဘ)ဦးညွှန့် ၇/ပခန(နိုင်)၄၀၀၆၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 167950)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
ဟိန်းဝေယံထွန်း(ဘ)ဦးညီညီနိုင်၁၄/လပတ(နိုင်)၃၂၂၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၁၁၀၃၃၄

ပျောက်ဆုံးကြောင်း
ကြည်ဌ(ဘ)ဦးဌေစော ၉/ကပတ(နိုင်)၁၉၀၇၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၉၀၃၅၇၅

ပျောက်ဆုံးကြောင်း
လားဗျက်သွားဝီး(ဘ)ဦးဆန်ခူးမာ ၅/ခပန(နိုင်)၀၁၁၄၆၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ အ.ထ.က ထုံးကြီးကျောင်း၊ Grade-12 မှ မောင်အောင်မင်းခန့်၏ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းလှိုင် ၇/ပခန(နိုင်)၂၄၉၈၂၇ ဖြစ်ပါကြောင်း။
ဦးဇော်ဝင်းလှိုင်

ပျောက်ဆုံးကြောင်း
ခန့်သူစိုး(ဘ)ဦးဇော်မင်းဦး ၁၄/လပတ(နိုင်)၂၃၃၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 800838)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၉၇၆၉၄၆၀

ပျောက်ဆုံးကြောင်း
မရဲစောမွန်(ဘ)ဦးရဲအောင် ၁၄/ကပန(နိုင်)၁၉၇၂၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၃၂၁၀၂၀၈

ပျောက်ဆုံးကြောင်း
အိမွင့်ဖြူ(ဘ)ဦးကြည်လွင် ၁၂/ဒဂတ(နိုင်)၁၁၈၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 725959)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၃၃၄၉၇၅၄၄

ပျောက်ဆုံးကြောင်း
ဌေးဌေးဦး(ဘ)ဦးဌေးငွေ ၅/ကလဝ(နိုင်)၀၆၉၄၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၅၅၂

ပျောက်ဆုံးကြောင်း
စန်းနွယ်(ဘ)ဦးကျော်သိန်း ၁၀/မဒန(နိုင်)၁၀၉၁၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၈၅၅၉၀၁၁

ပျောက်ဆုံးကြောင်း
စိုးဇေယျာသန်း(ဘ)တိုးသန်း ၁၂/ဥကတ(နိုင်)၁၅၁၄၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၃၀၁၀၁၂

စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင်စိုက်ကြစို့

ဒေါက်တာသူဇာဝင်း (စိုက်ပျိုးရေး)

နေကြာသီးနှံသည် မြန်မာနိုင်ငံ၏ အဓိကဆီထွက်သီးနှံများတွင် တစ်မျိုးအပါအဝင်ဖြစ်ပြီး ရေ၊ မြေ၊ ရာသီဥတုအခြေအနေအရ မြန်မာနိုင်ငံ၏ နေရာဒေသအများစုတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း တွေ့ရှိရသည်။ အခြားဆီထွက်သီးနှံများနှင့်နှိုင်းယှဉ်ကြည့်ပါက နေကြာသီးနှံသည် စိုက်ပျိုးရလွယ်ကူပြီး စိုက်ပျိုးသည့်ကုန်ကျစရိတ်မှာလည်းသက်သာသည်။ နေကြာဆီသည် မှိုပါဝင်မှုလုံးဝမရှိခြင်း၊ အနံ့အရသာကောင်းမွန်ခြင်းနှင့် အကြော်ခံခြင်း စသည်တို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သောစားသုံးဆီတစ်မျိုးဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နေကြာသီးနှံအပါအဝင် အဓိကသီးနှံ ၁၄ မျိုးအား အထွက်နှုန်းတိုးစေရန်အတွက် ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ နေကြာသီးနှံအတွက် ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၅၀ ဖြစ်သည်။ တောင် သူ လယ် သမား များ အနေ ဖြင့် နေကြာသီးနှံစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်စေရန်အတွက် “မျိုး၊ မြေ၊ ရေ၊ နည်း” ဟူသည့် အခြေခံစိုက်ပျိုးရေး မဏ္ဍိုင်ကြီး (၄) ရပ်ကို စနစ်တကျ ပေါင်းစပ်ဆောင်ရွက်သွားရန်လိုအပ်သည်။

မျိုး(မျိုးကောင်းမျိုးသန့်၊ ရွေးချယ်စိုက်ပျိုးခြင်း)

နေကြာမျိုးများအနေဖြင့် စပ်မျိုး (Hybrid)နှင့် သဘာဝဝတ်မှုန်ကူးမျိုး (Open pollinated variety)များကို စိုက်ပျိုးနိုင်သည်။ ဥပမာအားဖြင့် ရေဆင်းစပ်မျိုး-၁၊ ရေဆင်းစပ်မျိုး-၂ တို့သည် စပ်မျိုးများဖြစ်ပြီး ဆင်းရွှေကြာ-၁၊ ဆင်းရွှေကြာ-၂ တို့သည် သဘာဝဝတ်မှုန်ကူးမျိုးဖြစ်သည်။ သဘာဝဝတ်မှုန်ကူးမျိုး (ဆင်းရွှေကြာ-၂) သည် တစ်ဧကအထွက်နှုန်း ၂၅-၃၀ တင်းနှင့် စပ်မျိုးနေကြာမှာ ၅၀-၅၅ တင်းခန့် ထွက်ရှိနိုင်သည်။

ဒေသအလိုက် ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး ရောဂါဒဏ်/ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသည့် အပင်ပေါက်ရာခိုင်နှုန်း ၈၀ နှင့်အထက်ရှိသော အထွက်ကောင်းမျိုးကောင်းမျိုးသန့် သဘာဝဝတ်မှုန်ကူးမျိုး သို့မဟုတ် စပ်မျိုးနေကြာ F1 မျိုးများကို စိုက် ပျိုးနိုင် သော် လည်း ပန်းတိုင်အထွက်နှုန်းထွက်ရှိရန်အတွက်မူ စပ်မျိုးနေကြာ F1 မျိုးများကို စိုက်ပျိုးရမည်။ စပ်မျိုးများကို စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မျိုးစေ့ထုတ်တောင်သူ အသင်းအဖွဲ့များမှရောင်းချသော မျိုးကောင်းမျိုးသန့် F1မျိုးစေ့ကိုသာ ဝယ်ယူစိုက်ပျိုးသင့်သည်။

မြေ(အာဟာရဓာတ်စီမံခန့်ခွဲခြင်း)

နေကြာသည် ရေကောင်းစွာစိမ့်ဆင်းနိုင်သောသဲနုနုမြေနှင့် နုနုမြေများတွင် ကောင်းစွာဖြစ်ထွန်းပြီး မြေချဉ်ငန်ကိန်း ၆ မှ ၇ ဒသမ ၅ အတွင်းရှိသင့်သည်။ သဲမြေ၊ ရွှံ့စေးမြေနှင့် ကျောက်စရစ်မြေများတွင် နေကြာကိုမစိုက်ပျိုးသင့်ပါ။ နေကြာပင်သည် အမြစ်စနစ် နက်ရှိုင်းစွာဆင်းနိုင်သော်လည်း မြေဆီလွှာထဲမှ အာဟာရဓာတ်များကို မြောက်မြားစွာစုပ်ယူအသုံးပြုသော သီးနှံဖြစ်သဖြင့် အထွက်နှုန်းကောင်းမွန်စေရန်အတွက် ကြီးထွားမှုအဆင့်လိုက် အာဟာရဖြည့် ဆည်းပေးရန် လိုသည်။ ကောင်းစွာဆွေးမြည့်သည့် မြေဆွေးဓာတ်ပါဝင်သော မြေများကို နှစ်သက်သဖြင့် စိုက်ခင်းမြေပြင်ချိန်တွင် သဘာဝမြေဩဇာကို တစ်ဧကလျှင် ၃ တန်မှ ၅ တန်ခန့်နှုန်းဖြင့်ထည့်သွင်းပေးသင့်သည်။

နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက်စီယမ် (N-P-K) ဓာတ် မြေဩဇာများကို မြေအမျိုးအစားကိုလိုက်၍ မျှတစွာသုံးစွဲရန် လိုအပ်သည်။ ယေဘုယျအားဖြင့် ယူရီးယား ၁၁၂ ပေါင်၊ တီစူပါ ၅၆ ပေါင်နှင့် ပိုတက်ရှ် ၅၆ ပေါင် ထည့်သွင်းပေးနိုင်သည်။ နိုက်ထရိုဂျင်လွန်ကဲစွာကျွေးပါက အပင်ယိုင်လဲလွယ်ခြင်းနှင့် ရောဂါကျရောက်လွယ်ခြင်း၊ အပင်ရင့်မှည့်မှုနောက်ကျခြင်း၊ အစေ့တွင် ဆီပါဝင်မှုကျဆင်းပြီး ဆီအရည်အသွေးကျဆင်းစေခြင်းတို့ ဖြစ်စေနိုင်သည်။ ထို့ကြောင့် တစ်ကြိမ်တည်းဖြင့် အားလုံးကို ထည့်သွင်းခြင်းမပြုဘဲ မြေပြင်ချိန်တွင် တစ်ဝက်နှင့် ပန်းပွင့်စတင်ဖြစ်ပေါ်ချိန်တွင်တစ်ဝက် ခွဲ၍ကျွေးသင့်သည်။ ဖော့စဖရပ်ဓာတ်သည် အမြစ်စနစ်သန်မာစေရန်၊ ပန်းပွင့်ချိန်မှန်ကန်စေရန်နှင့် အစေ့အောင်စေရန် ကူညီပေးသည်။ ဖော့စဖရပ်ကို မြေပြင်ချိန်တွင်အပြည့်အဝထည့်သွင်းပေးရမည်။

ပိုတက်စီယမ်ဓာတ်သည် နေကြာစေ့အတွင်း ဆီပါဝင်နှုန်းတိုးတက်စေရေး၊ အစေ့အောင်ခြင်းနှင့် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိစေရေးတို့အတွက် အရေးပါသောကြောင့် မြေပြင်ချိန်နှင့် ဖူးပွင့်ချိန်တို့တွင် မျှတစွာသုံးစွဲရမည်။ ပိုတက်စီယမ်ဓာတ် လုံလောက်စွာရရှိနေပါက အပင်ကြီးထွားမှုလျင်မြန်ပြီး သီးနှံပင်၏ ခံနိုင်ရည်စွမ်းအား တိုးတက်စေရုံမျှသာမက ပတ်ဝန်းကျင်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်ပြီး ခြောက်သွေ့မှုဒဏ်ကိုပါ ခံနိုင်ရည်ရှိစေသည်။ ပိုတက်စီယမ်ပမာဏပြည့်ဝနေလျှင် နေကြာတွင် ဆီပါဝင်နှုန်းတိုးစေပြီး ဆီအထွက်ကောင်းစေသည်။

နေကြာတွင်ဆာလဖာဓာတ်ချို့တဲ့ပါက အစေ့အဆန်ဖြစ်ထွန်းမှုနည်းပြီး ဆီထွက်နှုန်းကိုပါကျဆင်းစေနိုင်သည်။ ဆီထွက်နှုန်းမြင့်မားစေရန်အတွက် ဆာလဖာဓာတ် ဖြည့်ဆည်းပေးရန်လိုအပ်ပြီး ဆာလဖာချို့တဲ့မှုမဖြစ်စေရန် မြေခံတွင် ဧင်ဆာလဖိတ်ကို တစ်ဧကလျှင် ၁၀ ကီလိုဂရမ် နှုန်းဖြင့် ထည့်ပေးနိုင်သည်။ မြေခံတွင် မထည့်နိုင်ပါက စိုက်ပြီး ၃၀ ရက်၊ ၄၀ ရက်၊ ၅၀ ရက်သားတွင် ဧင်ဆာလဖိတ်ကို သုည ဒသမ ၂ ရာခိုင်နှုန်း (ရေ ၁ လီတာတွင် ၂ ဂရမ်) နှုန်းဖြင့် ရွက်ဖျန်းမြေဩဇာအဖြစ် သုံးနိုင်သည်။

နေကြာသည် ကယ်လ်စီယမ် လိုအပ်ချက်လည်းများသည်။ ကယ်လ်စီယမ်ဓာတ်လုံလောက်စွာရရှိပါက အစေ့အဆန်ပြည့်တင်းစေသည့်အပြင် အစေ့အလေးချိန်ကိုပါ တိုးစေနိုင်သည့်အပြင် ပင်စည်ရိုးတံကိုလည်း ကြံ့ခိုင်စေသည်။ ကယ်လ်စီယမ်သည် မြစ်ဖျားများရှည်ထွက်ခြင်းနှင့် ဆဲလ်ကွဲပွားခြင်းဖြစ်စဉ်များကို အားပေးသဖြင့် အမြစ်စနစ်ကိုပိုမိုဖွံ့ဖြိုးစေသည်။ ထို့ကြောင့် ကယ်လ်စီယမ်နှင့် ဆာလဖာနှစ်မျိုးလုံးပါဝင်သည့်ဂျစ်ပဆန်မြေဩဇာကိုမြေခံအဖြစ် တစ်ဧကလျှင် ၈၀ ကီလိုဂရမ်နှုန်းခန့် ထည့်ပေးသင့်သည်။ နေကြာသီးနှံသည် အနည်းလို အာဟာရဓာတ်များအနက် ဘိုရွန်လိုအပ်ချက် အလွန်မြင့်မားသော သီးနှံတစ်ခုဖြစ်သည်။ ဘိုရွန်ဓာတ်နည်းပါးပါက ပန်းပွင့်ပုံစံ ပုံပျက်ခြင်း၊ ပန်းပွင့်အလယ်ဗဟိုတွင် အစေ့မအောင်ဘဲ အမှိုက်အနှစ်များခြင်း၊ ခေါင်းပိုင်းကျိုးကျခြင်းတို့ ဖြစ်တတ်သည်။ ထို့ကြောင့် မြေပြင်ချိန်၌ တစ်ဧကလျှင် လက်ချား ၄ ကီလိုဂရမ်ကို မြေခံအဖြစ် စိုက်ကြောင်းအတွင်း ထည့်သွင်းပေးရန် လိုအပ်သည်။ မြေခံမထည့်မိပါက လက်ချားသုည ဒသမ ၂ ရာခိုင်နှုန်း (ရေ ၁ လီတာတွင် ၂ ဂရမ်) နှုန်းဖြင့် ပန်းမပွင့်မီ သို့မဟုတ် ပန်းပွင့်ချိန်တွင်ဖျန်းနိုင်သည်။

ရေ(စနစ်တကျ ရေသွင်းရေထုတ် ပြုလုပ်ခြင်း)

နေကြာသည်ရေသွင်းမှုနှင့် ရေမသွင်းနိုင်မှုအပေါ်မူတည်၍ အထွက်နှုန်းမှာ သိသာစွာကွာခြားမှုရှိသည့် သီးနှံဖြစ်သည်။ သို့ရာတွင် နေကြာသည် ရေဝပ်ဒဏ်ကို လုံးဝမခံနိုင်သည့်အတွက် ရေသွင်းပါက ရေမများရန်နှင့် ရေမဝပ်အောင် သတိပြု၍ ရေသွင်းရန် လိုအပ်သည်။ ရေသွင်း၊ ရေထုတ် ကောင်းမွန်စေရန် ရေထုတ်မြောင်း၊ ရေသွင်းမြောင်းများဖြင့် စနစ်တကျပေးသွင်းရန် လိုအပ်သည်။ သီးနှံသက်တမ်းတစ်လျှောက်လုံးအတွက် စုစုပေါင်းရေလိုအပ်ချက်မှာ တစ်လက်မခွဲမှ နှစ်လက်မခန့် (၄၅၀ - ၆၀၀ မီလီမီတာ) ဖြစ်ပြီး အဖူးစတင်ဝင်ချိန်၊ ပန်းပွင့်ချိန်နှင့် အစေ့အဆန်တည်ချိန်များတွင် ရေလိုအပ်မှုအများဆုံးဖြစ်သည်။ နေကြာသည် နေပူချိန်များများရသောအပူချိန်မြင့်မှုတွင် အကောင်းဆုံးဖြစ်ပြီး ရေကို လိုအပ်ချိန်ဖြည့်ပေးနိုင်ပါက အထွက်မှာသေချာ၊ ရေရာ နေကြာဖြစ်လာနိုင်သည်။

နည်း(ခေတ်မီစိုက်နည်းစနစ်များ ကျင့်သုံးခြင်း)

စိုက်ချိန်မှန်ကန်ရေး၊ အပင်ဦးရေပြည့်မီစေရန် ပင်ကြားတန်းကြား မှန်ကန်စွာ စိုက်ပျိုးရေး၊ ပေါင်းမြက်နှင့် ပိုးမွှားရောဂါများကို ကာကွယ်နှိမ်နင်းရေးအပါအဝင် စိုက် ပျိုး ရေး ဆိုင် ရာ အလေ့အကျင့် ကောင်းများ (GAP)ကို စနစ်တကျလိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။

နေကြာသီးနှံကို တန်းကြား၊ ပင်ကြား ၂ ပေ x ၉ လက်မ ဖြင့် တစ်ဧကတွင် အပင်ဦးရေ ၂၉၀၀၀ ခန့် ရရှိအောင် စိုက်ပျိုးသင့်သည်။ မျိုးစေ့ကို မြေအနက် ၁ ဒသမ ၅ လက်မ-၂ လက်မခန့်တွင် တစ်ကျင်းလျှင် နှစ်စေ့နှုန်းစိုက်၍ အပင်ပေါက်စုံပြီး ၁၄-၁၅ ရက်သား သို့မဟုတ် အရွက် ၄-၆ ရွက်ရှိချိန်တွင် တစ်ကျင်း၌ အသန်မာဆုံး အပင် တစ်ပင်ကိုသာချန်၍ သားခွဲပေးရမည်။ နေကြာသည် ပင်ခြားဝတ်မှုန်ကူးသည့်သီးနှံဖြစ်၍ စိုက်ခင်းအတွင်း ဝတ်မှုန်ကူး ပေး သည့် ပျား များ လုံ လော က် စွာ ရှိပါက အစေ့အောင်မြင်မှုနှင့် အစေ့အဆန်ပြည့်တင်းမှုကို များစွာအထောက်အကူ ပြုစေသည်။ ထို့ကြောင့် သဘာဝဝတ်မှုန်ကူးမျိုးများစိုက်ပါက ပန်းပွင့်ချိန်ကာလများတွင် နေကြာစိုက်ခင်းများ၌ တစ်ဧကလျှင် မွေးမြူရေးပျားပုံးများ ၁ ပုံး-၂ ပုံး ခန့် ထားရှိပေးရမည်။ နေကြာစိုက်ပျိုးရာတွင် ပျားမွေးမြူရေးနှင့် တွဲဖက်လုပ်ကိုင်ပါက ဝတ်မှုန်ကူးမှုအောင်မြင်ပြီး နေကြာပန်းများ ပိုမိုဖွံ့ထွားကာ အထွက်နှုန်းပိုပြီး ကောင်းစေသည်။ နေကြာပွင့်၏ ပွင့်ဖတ်အုံအဝါရောင်ပြောင်းသွားပြီး ပန်းပွင့်တစ်ပိုက်ရှိအရွက်များ အညိုရောင်သို့ ပြောင်းသွားချိန်တွင် အချိန်မီရိတ်သိမ်းပေးသင့်သည်။

စိုက်ပျိုးနည်းပညာများနှင့် သတင်းအချက်အလက်များ

တောင်သူလယ်သမားများအနေဖြင့် ခေတ်မီ စိုက်ပျိုးနည်းပညာများနှင့် စျေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာသိရှိနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်း (Farmer Channel) နှင့် လယ်ယာစီးပွားသတင်းအစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိသည်။ တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ သိလိုသည်များကို စိုက်ပျိုးရေးဦးစီးဌာန၏ Call center (၀၆၇ ၃၄၁၀၁၃၉) သို့ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းနိုင်သည်။ ထို့ပြင် Mobile Application များမှတစ်ဆင့် မိုးလေဝသသတင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် စျေးကွက်သတင်းအချက်အလက်များကို မိုဘိုင်းဖုန်းများဖြင့် လွယ်လင့်တကူ ဝင်ရောက်ကြည့်ရှုနိုင်နေပြီဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် တောင်သူဦးကြီးများအနေဖြင့် မျိုးကောင်းမျိုးသန့်၊ နေကြာမျိုးများကို တန်းကြား၊ ပင်ကြား မှန်ကန်စွာဖြင့် သတ်မှတ်အပင်ဦးရေပြည့်မီအောင် စိုက်ပျိုးခြင်း၊ အာဟာရဓာတ်လုံလောက်စွာရရှိစေရန် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများအား စနစ်တကျထည့်သွင်းပေးခြင်း၊ အပင်ရေလိုအပ်သည့်အချိန်တွင် ဖြည့်စွက်ရေပေးသွင်း၍ ရေမဝပ်စေရန် ဆောင်ရွက်ခြင်းတို့အပြင် ခေတ်မီစိုက်ပျိုးနည်းပညာများနှင့် သတင်းအချက်အလက်များကိုထိရောက်စွာ ပေါင်းစပ်ကျင့်သုံးသွားမည်ဆိုပါက နေကြာသီးနှံ၏ တစ်ဧကအထွက်နှုန်းတိုးလာစေမည်မှာ မလွဲဧကန်ဖြစ်သည်။ စိုက်ပျိုးသူတောင်သူများအတွက်လည်း စီးပွားရေးအကျိုးအမြတ်ပိုမိုရရှိလာမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ပြည်တွင်းဆီဖူလုံရေးနှင့် ဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် နေကြာကို အထွက်နှုန်းတိုးအောင် စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။



၂၀၂၆ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် မဲပေးမှုများပိတ်သိမ်းပြီးနောက် လူငယ်ကစားသမားယာမယ် ဆုရရှိရန် ထိပ်ဆုံးမှရေပန်းစားနေ

ဘာစီလိုနာ စက်တင်ဘာ ၂၉

ပြင်သစ်မဂ္ဂဇင်းနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းချီးမြှင့်ပေးအပ်မည့် ၂၀၂၆ ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(Ballon d'Or)အတွက် မဲပေးမှုများကို စက်တင်ဘာလ ၂၈ ရက်က တရားဝင်ပိတ်သိမ်းပြီးနောက် စပိန်အသင်းနှင့် ဘာစီလိုနာအသင်းမှ လူငယ်ကစားသမား ယာမယ်က ဆုရရှိရန် ထိပ်ဆုံးမှရေပန်းစားလျက်ရှိသည်။

၂၀၂၆ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ပရိသတ်များထံမှ မဲပေးမှုများကို စက်တင်ဘာလ ၈ ရက်က ဆန်ခါတင်ကစားသမားစာရင်း ထုတ်ပြန်ပြီးနောက် မဲပေးမှုစတင်ခြင်းဖြစ်ပြီး ရက် ၂၀ အကြာတွင် မဲပေးမှုကို တရားဝင်ပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၆ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမား၌ရေ ၃၀ စာရင်းကို ကြေညာပြီးနောက် မဲပေးမှုစတင်ပြီး ဆန္ဒမဲကောက်ယူမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ယာမယ်က ရမှတ် ၈၄၂ မှတ်ဖြင့် ထိပ်ဆုံးမှရေပန်းစားနေကာ ၎င်း၏နောက်တွင် အင်္ဂလန်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်း ဝါရင့်တိုက်စစ်ကစားသမား ဟယ်ရီကိန်းက ၇၃၈ မှတ်ဖြင့် ရပ်တည်နေသည်ဟု သတင်းများထွက်ပေါ်နေသည်။



ယာမယ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အဓိက ကစားသမားအဖြစ်ပါဝင်ကစားခဲ့သကဲ့သို့ ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း စပိန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက်လည်း ဟယ်ရီကိန်းကိုကျော်ဖြတ်ပြီး ထိပ်ဆုံးမှရေပန်းစားနေခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု ပေးအပ်ပွဲအခမ်းအနားကို အစောပိုင်းနှစ်များက ပြင်သစ်နိုင်ငံ၌ကျင်းပခဲ့သော်လည်း လာမည့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုပေးအပ်ပွဲကို အောက်တိုဘာလ ၂၆ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref;Fabrizio Romano

ပွဲကစားခွင့်နှင့်ပတ်သက်ပြီး နည်းပြ ဂျီးဆပ်နှင့် ရော်နယ်ဒို ဆက်ဆံရေးတင်းမာမှုများရှိနေ

လစ္စဘွန်း စက်တင်ဘာ ၂၉

ပေါ်တူဂီအသင်းနည်းပြ ဂျီးဆပ်နှင့် အသင်းခေါင်းဆောင် စီရော်နယ်ဒိုတို့ကြား ပွဲကစားခွင့်နှင့်ပတ်သက်ပြီး ဆက်ဆံရေးတင်းမာမှုများရှိနေသည်။

အသက် ၄၁ နှစ်အရွယ် စီရော်နယ်ဒိုသည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲမှ ပေါ်တူဂီအသင်းကစားသမား စာရင်းတွင် ပါဝင်လာသော်လည်း နော်ဝေအသင်းနှင့် ပေါ်တူဂီအသင်းတို့ကစားသည့်ပွဲစဉ်တွင် စီရော်နယ်ဒိုအနေဖြင့် ပွဲကစားခွင့်မရရှိဘဲ အရန်ခုံတွင်သာ ထိုင်ခဲ့ရသည့်အတွက် နော်ဝေအသင်းနှင့်ပွဲစဉ်အပြီးတွင် ၎င်းတို့နှစ်ဦးကြား ဆက်ဆံရေးတင်းမာမှုများရှိလာခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်အပြီးတွင် စီရော်နယ်ဒိုသည်အသင်းဖော်ကစားသမားများနှင့် ပြိုင်ဘက်အသင်းကစားသမားများကို နှုတ်ဆက်ခြင်းမရှိခဲ့သည့်အပြင် ပရိသတ်များကိုပင် နှုတ်ဆက်ခဲ့ခြင်းမရှိဘဲ စိတ်ဆိုးသည့်အမူအရာဖြင့် အဝတ်လဲခန်းအတွင်းသို့ ချက်ချင်း ထွက်ခွာသွားခြင်းဖြစ်သည်။

နည်းပြ ဂျီးဆပ်ကိုယ်တိုင်က စီရော်နယ်ဒို၏ နော်ဝေအသင်းနှင့်ပွဲစဉ်မှ လုပ်ရပ်အတွက် သီးသန့် တွေ့ဆုံပြီး ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

Ref;Fabrizio Romano

2026 CEV Men's Euro ဘော်လီဘော ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်သည့် ပိုလန်အသင်း ၂၀၂၈ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရှိ



ရောမ စက်တင်ဘာ ၂၉

အီတလီနိုင်ငံ၌ကျင်းပသည့် 2026 CEV Men's Euro ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ပိုလန်အသင်းက ပြင်သစ်အသင်းကိုအနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် ၂၀၂၈ အိုလံပစ်ပြိုင်ပွဲ အမျိုးသားဘော်လီဘောပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့သည်။

2026 CEV Men's Euro ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပထမပွဲစဉ်တွင် အကြိတ်အနယ်ရှိခဲ့ကာ ပိုလန်အသင်းက ၃၁ မှတ် ၂၉ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲစဉ်တွင်လည်း ပိုလန်အသင်းက ၂၅ မှတ် ၁၉ မှတ်ဖြင့်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ တတိယပွဲစဉ်တွင် ပြင်သစ်အသင်းက ၂၅ မှတ် ၂၀ မှတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း စတုတ္ထပွဲစဉ်တွင် ပိုလန်အသင်းက ၂၅ မှတ် ၁၆ မှတ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ၃ ပွဲ- ၁ ပွဲဖြင့်အနိုင်ရရှိပြီးနောက် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ပြင်သစ်အသင်းက ဒုတိယ၊ ဖင်လန်အသင်းက တတိယဆွတ်ခူးနိုင်ခဲ့သည်။

ပိုလန်အသင်းသည် အဆိုပါပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် သုံးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကာ ယခုနှစ်တွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခြင်းကြောင့် ၂၀၂၈ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;Volleyball World

မန်စီးတီးအသင်းပြဿနာမှာ မိမိနှင့်မဆိုင်ကြောင်း နည်းပြဟောင်း မန်စီနီတုံ့ပြန်

မန်ချက်စတာ စက်တင်ဘာ ၂၉

လက်ရှိအီတလီအသင်းနည်းပြ မန်စီနီက မန်စီးတီးအသင်း၏ လက်ရှိဖြစ်ပွားနေသည့် ဘဏ္ဍာရေးစည်းမျဉ်းပြဿနာများတွင် မိမိနှင့် တစ်စုံတစ်ရာပါဝင်ပတ်သက်ခြင်းမရှိကြောင်း တုံ့ပြန်ခဲ့သည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ်အဖွဲ့ချုပ်၏ ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်သည့် ပြစ်မှု ၁၁၄ ချက် ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိထားသည့်အတွက် ပြင်းထန်သည့်အရေးယူခံရဖွယ်ရှိနေခြင်းဖြစ်သည်။

နည်းပြ မန်စီနီသည် မန်စီးတီးအသင်းကို ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ၎င်းလက်ထက်တွင် မန်စီးတီးအသင်းအနေဖြင့် နှစ်ပေါင်း ၄၄ နှစ်ကြာ ဝေးကွာနေသည့် ပရီးမီးယားလိဂ်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိမန်စီးတီးအသင်း ရင်ဆိုင်နေရသည့် ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုများတွင် ၎င်းကိုင်တွယ်နေသည့်အချိန်ကာလလည်းပါဝင်နေသည့်အတွက် ၎င်းအနေဖြင့် မန်စီးတီးအသင်း၏ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုတွင် ပါဝင်ပတ်သက်မှုရှိနေသည်ဟု သတင်းများထွက်ပေါ်နေသည့်အတွက် တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

မန်စီနီက "လက်ရှိဖြစ်နေတာတွေက မန်စီးတီးအသင်းရဲ့ပြဿနာပါ။ ကျွန်တော်နဲ့ မဆိုင်ပါဘူး။ ကျွန်တော်က သူတို့အသင်းကိုနည်းပြဖူးတဲ့ နည်းပြတစ်ယောက်ဆိုတာထက်မပိုပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref;Topskillsports UK

2026 Laver Cup တင်းနစ်ပြိုင်ပွဲတွင် Team Europe အသင်း ချန်ပီယံဆုဖလားဆွတ်ခူး

လန်ဒန် စက်တင်ဘာ ၂၉

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပခဲ့သည့် Laver Cup တင်းနစ်ပြိုင်ပွဲတွင် Team Europe အသင်းက Team World အသင်းကို အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

Laver Cup တင်းနစ်ပြိုင်ပွဲသည် ဥရောပတိုက်မှ တင်းနစ်ကစားသမားများဖြင့် စုဖွဲ့ထားသည့် Team Europe အသင်းနှင့် ကမ္ဘာတစ်ဝန်းမှ ကစားသမားများဖြင့် စုဖွဲ့ထားသည့် Team World အသင်းတို့ ကစားခဲ့သည့်ပြိုင်ပွဲဖြစ်သည်။

အဆိုပါပြိုင်ပွဲကို သုံးရက်တာကျင်းပခြင်းဖြစ်ပြီး တစ်ဦးချင်းပွဲစဉ်များနှင့် နှစ်ယောက်တွဲပွဲစဉ်များ ကစားခဲ့ကြပြီး ပထမရက်တွင် တစ်ပွဲနိုင်လျှင် ရမှတ် တစ်မှတ်၊ ဒုတိယရက်တွင် တစ်ပွဲနိုင်လျှင် ရမှတ်နှစ်မှတ်နှင့် နောက်ဆုံးရက်တွင် တစ်ပွဲနိုင်လျှင် ရမှတ်သုံးမှတ်သတ်မှတ်ပေးခြင်းဖြစ်သည်။

Laver Cup တင်းနစ်ပြိုင်ပွဲ ပထမရက်တွင် Team Europe အသင်းက သုံးမှတ်တစ်မှတ်ဖြင့် စတင်ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယရက်တွင် Team Europe အသင်းက ပင် ငါးမှတ် သုံးမှတ်ဖြင့် ဦးဆောင်နိုင်ခဲ့ကာ ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေခြင်းဖြစ်သည်။

သို့သော် ပြိုင်ပွဲနောက်ဆုံးရက်တွင် အဆုံးအဖြတ်ပွဲစဉ်အဖြစ် Team Europe အသင်းမှ ဇာဗီရက်နှင့် Team World အသင်းမှ လီယာနာတင်တို့ကစားခဲ့ရာ ဇာဗီရက်က အနိုင်ရရှိပြီးနောက် Team Europe အသင်းက ချန်ပီယံဆုဆွတ်ခူးနိုင်ရန် သေချာစေခဲ့ပြီး ပြိုင်ပွဲအပြီးတွင် Team Europe အသင်းက ရမှတ် ၁၃ မှတ်၊ Team World အသင်းက ရမှတ် ငါးမှတ်ရရှိခဲ့ပြီး Team Europe အသင်းက ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ Team Europe အသင်းသည် Laver Cup တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကို ခြောက်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

Team Europe အသင်းတွင် ထိပ်တန်းကစားသမားများဖြစ်ကြသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်၊ ဂျာမနီတင်းနစ်ကစားသမား ဇာဗီရက်စသည့် ကစားသမားများပါဝင်ခဲ့ကြောင်း သိရသည်။

Ref;WTA

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ကျန်းမာရေးလုပ်ငန်းသုံးစက်ပစ္စည်း၊ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းနှင့် ပရိဘောဂပစ္စည်း(၁၅)မျိုးအား တင်ဒါဖြင့်ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ်	-	Tender.9.Equipment(2nd)(2026-2027)
တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-	၁-၁၀-၂၀၂၆ ရက်နေ့
တင်ဒါဝိတ်သိမ်းမည့်ရက်နှင့်အချိန်	-	၁၃-၁၀-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်(မော်လမြိုင်)နှင့် နည်းပညာတက္ကသိုလ်(တောင်ကြီး)တို့တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် တည်ဆောက်ရေးလုပ်ငန်း(၇)ခုဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၌ နေပြည်တော်တွင် (၂၈-၉-၂၀၂၆)ရက်နေ့မှ (၁၂-၁၀-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများအား (၁၂-၁၀-၂၀၂၆)ရက်နေ့တွင် ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာ၌ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၅၅၀ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၆ ခုနှစ်၊ (၆ခ)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာလ(၈)ရက်နေ့မှ (၁၇)ရက်နေ့အထိ နေပြည်တော်၊ မဏ္ဍိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသောပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၆ ခုနှစ်၊ (၆ခ)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

ပြည်ပမှကုန်ပစ္စည်းများကိုခွင့်ပြုချက်မရမီ ဆိပ်ကမ်းလေဆိပ်သို့တင်သွင်းလာသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများအား အရေးယူနိုင်ရေးစီမံခန့်ခွဲရေးအဖွဲ့ လေလံတင်ထုခွဲရောင်းချရေးလုပ်ငန်းအဖွဲ့ လေလံကြော်ငြာ

၁။ MIP, AWPT & MITT ဆိပ်ကမ်းများတွင် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခဲ့သောကုန်သေတ္တာ ၄၂လုံးအတွင်းရှိကုန်ပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ၁၅-၁၀-၂၀၂၆ ရက်နေ့ ၁၃:၀၀ နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံပုံစံနှင့် လေလံစည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ (ဗိုလ်တထောင်ဘုရားအနောက်တက်)၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ၁-၁၀-၂၀၂၆ ရက်နေ့မှ ၁၃-၁၀-၂၀၂၆ ရက်နေ့အထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း)ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်လာရောက်မေးမြန်းနိုင်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးလုပ်ငန်းအဖွဲ့

ဖခင်အမည်မှန်

အမရပူရမြို့၊ မဟာဂန္ဓာရုံ၊ ဘက(၁)၊ ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မောင်ချစ်မင်းခန့်၏ဖခင်အမည်မှန်မှာ ဦးချစ်ဝမ်း ၉/အမရ(နိုင်)၁၅၃၃၆၉ ဖြစ်ပါကြောင်း။

ဦးချစ်ဝမ်း

အမည်ပြောင်း

ဆီဆိုင်မြို့နယ်၊ နောင်မွန်ကျေးရွာအုပ်စု၊ ဆမ်ဆိုင်ကျေးရွာနေ ဒေါ်ယဉ်ယဉ်ထိုက်အား ဘက်နက်ဒတ်တာ(ခ)ယေထိုက် ၁၃/ဆဆန(နိုင်)၀၂၇၉၁၀ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဘက်နက်ဒတ်တာ(ခ)ယေထိုက်

ပျောက်ဆုံးကြောင်း မင်းအောင်မြင့်ဝင်း(ဘ)ဦးရန်အောင် ၃/ဘအန(နိုင်)၃၄၉၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 834810)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

အလိမ္မာစာမှာရှိ

ပျောက်ဆုံးကြောင်း
ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုးမိတ်မြို့၊ မြောက်ပိုင်းရုပ်ကွက်နေ မယဉ်နှင်းလှိုင်(ဘ)ဦးညွှန့်မောင် ၁၃/မမတ(နိုင်)၀၂၉၀၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၀၂၆၆၃၄၃

မွေးသက္ကရာဇ်အမှန်
ကျိုင်းတုံမြို့၊ ရတနာကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ အဘ ဦးဇော်မင်းဦး ၁၃/ရစန(နိုင်)၀၄၉၇၀၁၈၊ မောင်အောင်ခန့်ပိုင်၏မွေးသက္ကရာဇ်အမှန်မှာ ၂၅-၇-၂၀၁၀ ဖြစ်ပါကြောင်း။ ၂၅-၇-၂၀၁၀

ပျောက်ဆုံးကြောင်း
ဇင်ဇင်အေး(ဘ)ဦးမြင့်၅/မရန(နိုင်)၂၉၄၈၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
အင်ကြင်းခိုင်(ဘ)ဦးမြင့်အောင် ၁၂/ဥကမ(နိုင်)၂၆၁၁၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
ဝင်းမိုးကျော်(ဘ)ဦးမြင့်အောင် ၉/ကပတ(နိုင်)၂၈၀၇၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 234877)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၉၄၆၆၅၈၅

ပျောက်ဆုံးကြောင်း
စွမ်းရည်ထူး(ဘ)ဦးချစ်ဦး ၁၀/ပမန(နိုင်)၂၈၂၃၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၁၅၉၇၅၄

ပျောက်ဆုံးကြောင်း
စောရဲငြိမ်းစိုး(ဘ)ဦးစောစံသူ ၃/ဘအန(နိုင်)၄၈၆၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 921143)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
မိနှင်းအိမ်စံ(ဘ)ဦးလှသိန်းထွန်း ၃/ဘအန(နိုင်)၃၂၃၂၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 878167)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
ဦးသက်စိုး(ဘ)ဦးဖိုးဖြူ ၁၄/ညတန(နိုင်)၁၀၀၆၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
ကျော်သိန်း(ဘ)ဦးမြင့်အောင် ၁၀/သထန(နိုင်)၀၄၅၃၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၉၇၈၉၆၉၂

ပျောက်ဆုံးကြောင်း
ဖြိုးဝေစန်း(ဘ)မန်းစမ်းမစယ် ၁၄/ကပန(နိုင်)၂၃၂၉၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 852650)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၆၆၁၃၃၈၅

ပျောက်ဆုံးကြောင်း
နှင်းစန္ဒာအောင်(ဘ)ဦးသိန်းနိုင်၇/တငန(နိုင်)၂၀၄၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၄၂၅၅၅၇၉၁

ပျောက်ဆုံးကြောင်း
ဒွန်ဒန်ဦး(ဘ)ဦးဇော်ဝေ ၁၂/ဘအန(နိုင်)၀၉၇၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 042137)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
ထွန်းဇော်(ဘ)ဦးသောင်းရွှေ ၃/မဝတ(နိုင်)၀၅၄၇၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 358408)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
ဆောဆွေး(ဘ)ဦးကျော်နိုင်ဝင်း ၇/ကတခ(နိုင်)၂၄၄၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၈၅၁၁၉

ပျောက်ဆုံးကြောင်း
ယုယုထွေး(ဘ)ဦးထွန်းသိန်း ၁၀/ဘလန(နိုင်)၁၄၂၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၀၆၆၃၉၈

ပျောက်ဆုံးကြောင်း
ဦးသက်စိုး(ဘ)ဦးဖိုးဖြူ ၁၄/ညတန(နိုင်)၁၀၀၆၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

အမည်ပြောင်း

ဆီဆိုင်မြို့နယ်၊ အ.ထ.က နောင်မွန်ကျောင်း Grade-6(B) တွင် ပညာသင်ကြားနေသော အဘ ဦးဝင်းကိုကို၏သား မောင်ချမ်းဟိန်းအား မောင်ချမ်းဟိန်းကိုကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ချမ်းဟိန်းကိုကို

ပျောက်ဆုံးကြောင်း
ချိုချို(ဘ)ဦးအောင်ကြီး ၁၀/သထန(နိုင်)၀၄၉၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၆၄၄၅၅၄၄

ပျောက်ဆုံးကြောင်း
ဒေါထက်အောင်(ဘ)ဦးတင်ထွန်း ၁၄/ကပန(နိုင်)၂၀၀၇၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 194875)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၁၁၅၃၃၄

အမည်ပြောင်း

ဆီဆိုင်မြို့နယ်၊ နောင်မွန်ကျေးရွာအုပ်စု၊ နယ်မြေ(၈)ရပ်ကွက်နေ မောင်စောနေကော်အား မောင်စောနီကော် ၁၃/ဆဆန(နိုင်)၁၀၂၁၈၃ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်စောနီကော်

ပျောက်ဆုံးကြောင်း
စောသြဂုတ်စတင်းဇွန်(ဘ)ဦးဖားကလာဖိုး ၃/လဘန(နိုင်)၁၀၂၇၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 309643)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
သူဇာဌေး(ဘ)ဦးကျော်နိုင်ဝင်း ၇/ကတခ(နိုင်)၂၄၄၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၈၅၁၁၉

ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးမင်း(ဘ)ဦးစန်းမြင့် ၁၄/ဝခမ(နိုင်)၁၆၆၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၁၁၅၃၃၄

အမည်ပြောင်း

ဆီဆိုင်မြို့နယ်၊ နောင်မွန်ကျေးရွာအုပ်စု၊ လီမွန်ရွာနေ ဦးသန်းအေးအား မောင်အေးအေး ၁၄/ပတန(နိုင်)၁၈၇၁၂၀ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အေးအေး

ဖခင်အမည်မှန်
ပျော်ဘွယ်မြို့နယ်၊ အ.ထ.က(တဲကြီးကုန်း) G-12 မှ မနှင်းနှင်းပြုံး၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင် ၉/ပဘန(နိုင်)၀၆၁၀၇၄ ဖြစ်ပါကြောင်း။

ဦးကျော်ကျော်နိုင်

ပျောက်ဆုံးကြောင်း
မအဂ္ဂနက်လင်း(ဘ)ဦးကောဓီယို ၂/ဒမဆ(နိုင်)၀၆၇၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၀၂၅၈၅၈၆

ပျောက်ဆုံးကြောင်း
ကျော်လင်းအောင်(ဘ)ဦးအေးသန်း ၁၄/ဟသတ(နိုင်)၃၄၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၇၃၄၃၂၇

ပျောက်ဆုံးကြောင်း
ဒီးသက်စိုး(ဘ)ဦးဖိုးဖြူ ၁၄/ညတန(နိုင်)၁၀၀၆၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
စစ်သည်အစားခန့်ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အမှတ်(၁၊ ၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့် အမှတ်(၁)တပ်မတော်အသံလွှင့်တပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အလိုရှိပါသည်-

(က) သတင်းကြေညာသူ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း(အမျိုးသား/အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး(အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး(အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် အဆို/အက(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်(ယာယီဘွဲ့ထောက်ခံစာမရပါ)။
(င) အနည်းဆုံးငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) လျှောက်ထားသူနှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းရမည်။
(ဆ) ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။
(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူလျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည်(မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ)။
(ခ) အဆို/အကလျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအားကောင်းမွန်စွာသီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ်စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်)အဆင့် လစာနှုန်းကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ၂၁-၉-၂၀၂၆ ရက်မှ ၈-၁၀-၂၀၂၆ ရက်အတွင်း လာရောက်ရယူလျှောက်ထားနိုင်ပါသည်-

(က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့။(ဖုန်း ၀၃၁-၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(နေပြည်တော်)၊ နေပြည်တော်။(ဖုန်း ၀၃၁-၇၄၂၇၄)
(ဂ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ်
သဇင် FM၊ ပြင်ဦးလွင်မြို့။(ဖုန်း ၀၃၃-၆၀၁၇၀)

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာရုပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများသဘောတူညီကြောင်းထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၇။ ပဏ္ဍာမလူတွေ့စစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်းပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာလျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မှော်ဘီ) (ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(နေပြည်တော်)(ဖုန်း ၀၃၁-၇၄၂၇၄) နှင့် သဇင် FM၊ ပြင်ဦးလွင်(ဖုန်း ၀၃၃-၆၀၁၇၀)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြို(မြို့နယ်၊ တောရကုန်းကျေးရွာနေ မောင်ထိုင်းဝဏ္ဏကျော်၏ဖခင် ဦးကျော်မင်းဦး၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၄၇၆၇၆ အရဦးကျော်သူဖြစ်ပါကြောင်း။ ဦးကျော်သူ

ပျောက်ဆုံးကြောင်း

ဖြိုးကိုကို(ဘ)ဦးစိုးငြိမ်း ၁၂/ကမန(နိုင်)၁၁၆၅၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၆၂

ပျောက်ဆုံးကြောင်း

ငြိမ်းချမ်းဦး(ဘ)ဦးရွှေဒေါင်း ၉/ပဘန(နိုင်)၁၇၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၆၂

ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ ဂွေရှမ်းနေ နေသူရအောင်(ဘ)ဦးမောင်ဖြူ ၁၂/ဒဂရ(နိုင်)၀၂၈၈၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 774614)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ သဃ်နိုးညီနောင်နေမိုးနန္ဒာ(ဘ)ဦးမောင်မွန် ၆/ရဖန(နိုင်)၁၂၀၆၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 973346)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ဘားအံမြို့၊ ကံခရဲကျေးရွာနေ ခွန်နိုင်စိုး(ဘ)ဦးထွေးကြည် ၃/ဘအန(နိုင်)၄၆၅၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 704185)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၆၅၈၁၂၉

ပျောက်ဆုံးကြောင်း

ပိုင်ကျုံမြို့၊ မဲလေးရွာ၊ ရေးပူကြီးကျေးရွာနေ စန်းမြင့်အောင်(ဘ)ဦးမောင်အုန်းကြည် ၃/ပကန(နိုင်)၀၃၅၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 142793)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၉၁၅၁

ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့နယ်၊ အံတောင်ကျေးရွာနေ မောင်ခင်ညွန့်(ဘ)ဦးလှ ၃/ကကရ(နိုင်)၂၃၆၈၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 787662)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၁၅၈၀၇၀

ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့နယ်၊ လှိုင်ကွယ်ကျေးရွာနေ စောမိုးအေး(ဘ)ဦးအောင်သိန်း၀င်း ၃/ကကရ(နိုင်)၂၆၈၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 620247)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၈၀၃၁၉၄၁

ပျောက်ဆုံးကြောင်း

ဘိုကလေးမြို့၊ နာခေါင်းချောင်းကြီးရွာနေ ကိုဖြိုး(ဘ)ဦးကျော်ခင် ၁၄/ဘကလ(နိုင်)၃၆၆၅၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 786159)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၁၄၇၇၉

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ အ.မ.က(၁)၊ Grade -5 မှ အဘ ဦးဖြိုးလပြည့် ၁၂/ဒလန(နိုင်)၁၀၁၁၄၄ ၏သမီး မခိုင်ဇာလင်းနှင့် မခိုင်ဇာဝင်းအား ယနေ့မှစ၍ မခြူးခေတ်သစ်စံနှင့် မခြူးခေတ်သစ်ပန်ဟုပြောင်းလဲခေါ်ဆိုပါရန်။

မခြူးခေတ်သစ်စံနှင့် မခြူးခေတ်သစ်ပန်

ပျောက်ဆုံးကြောင်း

တင်ဇာအေး(ဘ)ဦးကျော်ဝေ ၉/ပဘန(နိုင်)၂၇၆၇၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၆၂

ပျောက်ဆုံးကြောင်း

မောင်ထွေး(ဘ)အူရူးကူး ၁၂/ဒဂတ(နိုင်)၁၃၄၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 978853)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၅၄၆၀၀၄၃

ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ ဂွေရှမ်းနေ ခွန်မောင်ဗုတ်(ဘ)ဦးဗွေ ၁၃/တကန(နိုင်)၁၉၇၇၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF164775)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

သရက်ချောင်းမြို့နယ်၊ ကတွဲကျေးရွာနေ မောင်သွားထက်လွင်(ဘ)ဦးဖေမောင် ၆/သရခ(နိုင်)၁၀၅၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 979442)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီအမှတ်(၄)၊ အောင်မြေရွှေဘုံလမ်းနေ မောင်မျိုးမင်းသူ(ဘ)ဦးအောင်ငွေထွန်း ၃/မဝတ(နိုင်)၀၉၁၀၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 091753)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၅၅၁၁၀၇

ပျောက်ဆုံးကြောင်း

ဘားအံမြို့၊ ဇီသရောင်အုပ်စု၊ ကျွန်းရွာနေ နန်းပေါ(ဘ)ဦးမောင်လွန် ၃/ဘအန(နိုင်)၃၇၂၈၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 552859)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၀၃၉၉၂၇

ပျောက်ဆုံးကြောင်း

ဘီလင်းမြို့နယ်၊ ညောင်ပလွင်ကျေးရွာနေ ပိုးသန္တာမြင့်(ဘ)ဦးစိန်သောင်း ၁၀/ဘလန(နိုင်)၁၄၉၈၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 605674)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

မိုးမိတ်မြို့၊ တုံးကြီးရွာနေ မောင်ဒီးမျော်(ဘ)ဦးဇယ်ဒိုင် ၁၃/မမတ(နိုင်)၀၅၈၄၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၇၂၁၈၉၂၂၅

ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(ဂ)လမ်း၊၆၀ထောင့်နေဦးသီဟ(ဘ)ဦးဇင်ညို ၁၂/စခန(နိုင်)၀၆၉၇၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 057908)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

ပိုင်ကျုံမြို့၊ ကော့ဝါးကလူးပေါင်းရွာနေ နန်းသိန်းသိန်း(ဘ)ဦးပေါင်ကြောင် ၃/လဘန(နိုင်)၁၀၃၉၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 299719)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၅၇၃၃၉၂၄၂

ပျောက်ဆုံးကြောင်း

ဘားအံမြို့၊ ဝင်းကျန်ရွာနေ မအေးမိုးလွင်(ဘ)ဦးဝင်းတင် ၃/ဘအန(နိုင်)၃၈၉၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 312989)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၃၃၀၄၁၄၆

ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရာမည(၁၀)လမ်းနေ မစုသဇင်ပို(ဘ)ဦးပေါက်စ ၁၄/ပသန(နိုင်)၃၄၁၀၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၄၆၅၅၁၁၆

ပျောက်ဆုံးကြောင်း

ဟသံ်ာတမြို့၊ ပန်းဘဲတန်းရပ်နေ ဦးသိန်းစိုး(ဘ)ဦးမောင်အုန်း ၁၄/ဟသတ(နိုင်)၀၀၃၈၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

သရက်ချောင်းမြို့နယ်၊ ကတွဲကျေးရွာနေ သွားထက်လွင်(ဘ)ဦးဖေမောင် ၆/သရခ(နိုင်)၁၀၅၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 979442)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၂၉၄၆၉၁၀

ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ

SIGMA
CABLE & WIRE



ပင်ရင်းအရောင်း - ဗုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဗုန်း - ၀၉ ၆၇၁၈၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဖောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဗုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဗုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဗုန်း - ၀၉ ၃၀၈၆၀၁၈၀







❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများပို့ဆောင်ပေးစဉ်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်၊ မြို့ကလေးမြို့ရှိ နယ်မြေခံတပ်ရင်း ၌ပြုလုပ်ရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊

စာမျက်နှာ ၁၆ ကော်လံ ၅ ✦



အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ရှေ့တန်းပြန်နိုင်ငံသားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုကြစဉ်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့် ဒေသများတွင်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၉

ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းခဲ့သော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)၏ အရှိန်ကြောင့် တနင်္သာရီမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ မြစ်ရေဖြင့်တက်မှုဖြစ်ပွားခဲ့သဖြင့် တနင်္သာရီမြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့အတွင်း ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည့်အပြင် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ

စာမျက်နှာ ၁၈ ကော်လံ ၄ ■

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂၉

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၃၀ ရက် (ယနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ဗိုလ်လုပွဲပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD၊ MRTV Sports၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

(MRTV)

သောင်ရင်းမြစ်ရေမြဝတီမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၉

ယနေ့နံနက်ဖနာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ၁ ပေ ၆ လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/၈လ)

မြဝတီ ဆောင်းပါး စာ - ၁၂ သို့

မြို့ပြစိမ်းလန်းဧရိယာမှသည် ပြည်သူ့အပန်းဖြေရာ နေရာများဆီသို့



M League 2026 U-20 လူငယ်လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ ဂိုးပြတ်နိုင်ပွဲရ

ရန်ကုန် စက်တင်ဘာ ၂၉

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၇) ပထမနေ့ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ပြိုင်ဘက်အသင်းများကို ဂိုးပြတ်သွင်းယူကြပြီး နိုင်ပွဲရရှိခဲ့ကြသည်။

ရှမ်းယူနိုက်တက်အသင်းဘောလုံးပိုင်ဆိုင်မှုယူပြီး ပြိုင်ဘက်ကို

စာမျက်နှာ ၂၀ ကော်လံ ၁▼



KSLA ရွှေခါးပတ်ပြိုင်ပွဲ ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

ကရင်ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့အသင်းမှ ပထမအကြိမ်ကျင်းပမည့် KSLA ရွှေခါးပတ်ပြိုင်ပွဲ ရိုးရာလက်ဝှေ့ပြိုင်ပွဲ ၂၀၂၆ ကို ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရိုးရာလက်ဝှေ့ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၃ ရက်မှ ၅ ရက်ထိကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲများကို အောက်တိုဘာလ ၇ ရက်မှ ၉ ရက်ထိ

စာမျက်နှာ ၂၀ ကော်လံ ၃ ❍

မြဝတီ နိုင်ငံတကာသတင်း

OpenAI က ဩစတြေးလျအစိုးရဝက်ဆိုက် ဗောက်ထွင်းခံရမှုအတွက် တောင်းပန် စာ - ၂၆ သို့

ကလေးအချို့ သခ်ၤာတွင် အခက်အခဲရှိရခြင်းက ဦးနှောက်လုပ်ဆောင်ပုံနှင့် ဆက်စပ်နေ စာ - ၂၅ သို့